သခင်ယေရှု၏ ဆုတောင်းခြင်းအသက်တာ

အရက်လေးဆယ်

ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို
ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့
ပို့ဆောင်တော်မူ၍. . . . (မဿဲ ၄း၁)

Charles Tan

ဘာသာပြန်သူ-သောမတ်(စ်)ဇာတီလ်

 ဗေသနိမြန်မာ စာပေ

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ။ ဗေဒနိမြန်မာ စာပေ
၁၁၂/ခ၊ အထက်မင်းကြီးလမ်း၊ အရှေ့ရွာမ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ။ ဦးသောမတ်(စ်)ဇာတီလ် (၀၂၇၄၈)

ပုံနှိပ်သူ။ နှစ်ခြင်းပုံနှိပ်တိုက်
၁၄၃၊ မင်းရဲကျော်စွာလမ်း၊ ၈-ရပ်ကွက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပုံနှိပ်ခြင်း။ ၂၀၁၉ ၊ အောက်တိုဘာ လ

အကြိမ်။ ပထမအကြိမ်

အုပ်ရေ။

တန်ဖိုး။ ၂၀၀၀ ကျပ်

မာတိကာ

ဘာသာပြန်သူ၏ အမှာစကား ၄

စာရေးသူ၏ အမှာစကား ၅

မိတ်ဆက်ခြင်း ၇

ဆင်ခြင်နှလုံးသွင်းစရာများ ၁၀

ဘာသာပြန်သူ၏အမှာစကား

ဤ 'သခင်ယေရှု၏ ဆုတောင်းခြင်းအသက်တာ - အရက်လေးဆယ်' သည် သခင်ယေရှု၏ အရက်လေးဆယ် တောအရပ်ခရီးစဉ်ကို အခြေပြုထားသည်။ ခရစ်တော်သည် မိမိသာသနာကို အဘယ်သို့ နားလည်ခံယူပြီး၊ ထိုသာသနာတော်အတွက် မည်သို့ ပြင်ဆင်သည်များကို ဖော်ပြထားသော စာအုပ်ဖြစ်ပါသည်။ ပါစတာချားလ်(စ်)တန် သည် ထိုသို့အမှုတော်နှင့် အသက်တာအတွက် သခင်ယေရှု၏ ပြင်ဆင်မှုများကို ဓမ္မကြောင်းကျကျ ဆရာသမားကောင်းတစ်ဦးပီသစွာ အနက်ဖွင့်တင်ဆက်ထားသည်။

ဤစာအုပ်သည် သခင်ယေရှုကိုလည်းကောင်း၊ သူ့အသက်တာနှင့် အမှုတော်မြတ်တို့နှင့် စပ်လျဉ်းသော ဓမ္မအမြင်ကိုလည်းကောင်း၊ ခမည်းတော်ဘုရားသခင် ပေးတော်မူသော သာသနာအတွက် သခင်ယေရှု၏ ပြင်ဆင်မှုကို လည်း ကောင်း၊ လေ့လာလိုသူတိုင်းအတွက် အထောက်အကူ ဖြစ်လိမ့်မည် ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်၏ မြန်မာစာ အရေးအသား ပို၍ ပြတ်သားရှင်းလင်းစေရန် အကောင်းဆုံး တည်းဖြတ် ပေးပါ သော ဆရာမဒေါ်လွမ်းသူ အား အထူးကျေးဇူးတင်ပါသည်။ ဤစာအုပ်၏ မစုံလင်၊ မပြည့်စုံခြင်းအမျိုးမျိုးတို့သည် ဘာသာပြန်သူကျွန်ုပ်၏အားနည်းချက်များသာဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

ယုံကြည်ခြင်း၊မျှော်လင့်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့၌ အစဉ်ကြီးပွားနိုင်ကြစေကြောင်း ဆုတောင်းပေးပါသည်။

ကျေးဇူးတော်မြတ်၌

သောမတ်(စ်)ဇာတီလ်

၂၀၁၉၊ အောက်တိုဘာလ

အမှာစကား

"အရက်လေးဆယ်"၏စိတ်ဝင်စားစရာ အကောင်းဆုံး လေ့လာမှုမှာသခင်ယေရှုခရစ်တော်၏အသက်တာကို လေ့လာခြင်း ဖြစ်သည်။ ဟေဗြဲသြဝါဒစာ၌ ရေးသားထားသော ကျမ်းချက် တစ်ခုကို ချက်ချင်းပင် သတိရမိသည်။

ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူသော အားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ၊ သေဘေးကို ကြောက်၍ တသက်လုံးကျွန်ခံရသောသူတို့ကို ကယ်လွှတ်ခြင်း ငှါငှင်း၊ ထိုသူငယ်တို့၏နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။

ဟေဗြဲ ၂း၁၄-၁၅

အရက်လေးဆယ် တောအရပ်၌အစာရှောင်ပြီး၊ လူဇာတိ/သားအဖြစ် ယေရှုသည် လောက၌ အမှုတော်မြတ်ကို အစပြုခဲ့သည်။ ထိုသို့ သဲကန္တာရတော၏ ကြမ်းတမ်းမှုဒဏ်ကို ရင်ဆိုင်ကာ ရက်လေးဆယ် တိုင်တိုင် အစာရှောင်ခြင်းအမှုသည် အများစု လုံးဝ မပြုလုပ်နိုင်သည့် အရာဖြစ်သည်။ ယေရှုမူကား ထိုသို့မဟုတ်ချေ။ အမှုတော် အစမပြုမီ၌ သူ့အားစေလွှတ်တော်မူသော ထာဝရဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ခြင်းအမှုသည် အရေးကြီးဆုံးသော အရာဖြစ်နေမှန်း ယေရှုသိခဲ့သည်။

ဗေသနိမြန်မာ စာပေ

ထိုတောအရပ်၌ စာတန်သည် သခင်ယေရှုကို အပြင်းအထန် စုံစမ်းခဲ့သော်လည်း၊ စာတန် ဧကန် ရှုံးနိမ့်ခဲ့ရသည်။ တစ်ကြိမ် တစ်ခါသာ မဟုတ်ဘဲ၊ ဆက်တိုက် သုံးကြိမ် တိုင်တိုင် စာတန်ကျရှုံး ခဲ့ရသည်။ စာတန်သည် မည်သည့်အခါမျှ ယေရှုကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် ရင်မဆိုင်ခဲ့ဖူးချေ။ စာတန်သည် လူ၏သားတော် ယေရှုနှင့် နဖူးတိုက်ဒူးတိုက် ရင်ဆိုင်ခဲ့ရပြီ။

သခင်ယေရှုခရစ်တော်၏ တောအရပ်ခရီးစဉ်မှ ကျွန်ုပ်တို့ သင်ယူအပ်သော သင်ခန်းစာများစွာ ရှိသည်။ သမ္မာ ကျမ်းစာကို သေချာစွာ ဖတ်ရှုလေ့လာမည်ဆိုလျှင်၊ ထူးခြား ပြောင်မြောက်ပြီး၊ အသီးအပွင့်ကြွယ်ဝသောအသက်တာမျိုး ရှင်သန်နိုင်ရန် များစွာသော ခွန်အားသစ်များ ရရှိမည်ဖြစ်သည်။ အသက်တာနှင့် အမှုတော်အဖို့အလို့ငှာ၊ ခွန်အားသစ်နှင့် အတွေး အမြင်သစ်များ ဘုရားသခင်မှ ပေးသနားရန် ဆုတောင်းလျက် ဤစာအုပ်ငယ်လေး ကို ဖတ်ဖြစ်ရန် ပြင်ဆင်ပါဟု မေတ္တာနှင့် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ချားလ် (စ်)တန်

မိတ်ဆက်ခြင်း

ခရစ်ဝင်ကျမ်းများ၌ ဖော်ပြထားသော သခင်ယေရှု၏ အသက်တာ အစိတ်အပိုင်းတစ်ခုကို လေ့လာကြမည် ဖြစ်သည်။ အမှုတော်မြတ်ကို လူသိရှင်ကြား မဆောင်ရွက်မီ၊ သခင်ယေရှုသည် သီးခြားသီးသန့် အချိန်ယူခဲ့ရသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

ထိုအခါမာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည် အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ပို့ဆောင် တော်မူ၍၊ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏ မဿဲ ၄း၁-၂

ရှင်မာကုလည်း အောက်ပါအတိုင်း ရေးသားဖော်ပြထား သည်။

ထိုခဏချင်းတွင် ဝိညာဉ်တော်သည် ယေရှုကို တောသို့ သွားစေတော်မူ၏။ အရက်လေးဆယ်ပတ်လုံး ထိုတော၌ နေ၍ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ သားရဲတို့နှင့်အတူ ရှိတော်မူ၏။ ကောင်းကင်တမန်တို့သည်လည်း လုပ်ကျွေးကြ၏။ မာကု ၁း၁၂-၁၃

ရှင်လုကာ ကလည်း ဤအချက်ကို ဖော်ပြခဲ့သည်။ သို့သော်လည်း၊ လုကာသည် မဿဲ နှင့် မာကု တို့နှင့်မတူဘဲ အနည်းငယ် ခြားနားလျက် ရေးသားဖော်ပြထားသည်။

သခင်ယေရှုသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်စုံလျက်၊ ယော်ဒန်မြစ်နားမှ ပြန်စဉ်တွင် ဝိညာဉ်တော်သည် တောသို့ ပို့ဆောင်တော်မူ၏။ အရက်လေးဆယ်ပတ်လုံး မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံး အစာအာဟာရကို သုံးဆောင်တော်မမူ။ ထိုကာလလွန်ပြီးမှ မွတ်သိပ်တော်မူ၏။ လုကာ ၄း၁-၂

ပထမခရစ်ဝင်သုံးကျမ်း ရေးသားသောသူများက တူညီစွာ ဖော်ပြထားသောအရာများမှာ-

၁။ သန့်ရှင်းသော ဝိညာဉ်တော် ပါဝင်ခဲ့သည်။

၂။ သခင်ယေရှုသည် ရက်ပေါင်းလေးဆယ် တော၌ နေခဲ့ရသည်။

၃။ ထိုအရက်လေးဆယ်ကာလ၌ စာတန်ခေါ်မာရ်နတ်သည် ခရစ်တော်ယေရှုကို စုံစမ်းခဲ့သည်။

အကျွန်ုပ်တို့ မည်သို့ချဉ်းကပ်လေ့လာသင့်သနည်း

သခင်ယေရှုသည် ရက်ပေါင်းလေးဆယ် တော၌ နေခဲ့ကြောင်းကို ပထမခရစ်ဝင်သုံးကျမ်းက အတိအလင်း ဖော်ပြထားသောကြောင့် ထိုကာလသည် အရေးကြီးသော ကာလဖြစ်နိုင်သည်။ သို့သော်၊ ခရစ်ဝင်ကျမ်းရေးသူတို့က ထိုတော၌ ယေရှုမည်သို့ ပြုမူလုပ်ဆောင်သည်ကို အကျယ်တစ်ဝင်း ရှင်းပြခြင်းမရှိကြ။ ထို့ကြောင့်ပင်များစွာသော မေးခွန်းများ အလိုအလျောက် ပေါ်ထွက်ကြသည်။

၁။ သခင်ယေရှုသည် အဘယ့်ကြောင့် တောသို့ ပို့ဆောင်ခြင်းခံရ သနည်း။

၂။ သခင်ယေရှု အဘယ့်ကြောင့် ရက်ပေါင်းလေးဆယ်ကြာကြာ အစာရှောင် ခဲ့ရသနည်း။

၃။ ထိုရက်ပေါင်းလေးဆယ်ကာလ၌ သခင်ယေရှု မည်သို့နေထိုင်ခဲ့သနည်း။

၄။ အဘယ့်ကြောင့် သခင်ယေရှုကို စုံစမ်းရန် စာတန်ကိုခွင့်ပြုရသနည်း။

ဤမေးခွန်းများနှင့်အခြားသောမေးခွန်းများစွာ ထုတ်ရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာမှ ထိုမေးခွန်းများ၏ ဖြစ်နိုင်ခြေများသော အဖြေများ ရှာဖွေကြရမည်။ သခင်ဘုရား ထံတော်မှ ကျေးဇူးတော်နှင့် ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်မှ ဖွင့်ပြပေးခြင်းတို့ကို ခံယူလျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖွဲ့ရှိရှိ လေ့လာကြရမည်ဖြစ်ပါသည်။

ဆင်ခြင်နှလုံးသွင်းခြင်း

မသဲ ၃း၁၃-၁၇၊ မာကု ၁း၉-၁၁
လုကာ ၃း၂၁-၂၃၊ ယောဟန် ၁း၃၂-၃၄

တော၌ အရက်လေးဆယ်ကာလ မတိုင်မီ

သခင်ယေရှု တောအရပ်သို့သွားခြင်းသည် လုံး၀ အရေးကြီးသော အချက်ဖြစ်မည်မှာ သေချာသည်။ အဘယ်သူက သခင်ယေရှုကို တောသို့ ခေါ်ဆောင်သွားသနည်း။ မည်သည့်အရာက သခင်ယေရှုကို တော သို့ ပို့ဆောင်သွားသနည်း။ တောသို့ သခင်ကိုယ်တိုင် သွားရောက်ခြင်းမပြုမီ အဖြစ်အပျက်တစ်ခု၌ ထိုအဖြေကို တွေ့ရသည်။

သန့်ရှင်းသော ဝိညာဉ်တော် ဝင်ရောက်ပါရှိခြင်း

ခရစ်ဝင်ကျမ်းများ၌ သခင်ယေရှု ဗတ္တိဇံခံခြင်းကို ဖော်ပြထားသည်။ ထိုသို့ ဗတ္တိဇံခံစဉ် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်တော်မူကြောင်းကို ခရစ်ဝင်ကျမ်းရေးသားပြုစုသူတို့ တစ်ဦးစီက မည်သို့ ဖော်ပြကြသည်ကို လေ့လာကြပါစို့။

၁။ ချိုးငှက်၏ အထိမ်းအမှတ်

ယေရှုသည် ဗတ္တိဇံကို ခံတော်မူပြီးလျှင်၊ ရေမှပေါ်ထစဉ် တွင်၊ ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍၊ (မသဲ ၃း၁၆)

ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်၍ ဝိညာဉ်

တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူသည်ကို မြင်ရ၍၊ မာကု ၁း၁၀

သန့်ရှင်းသော ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်ထင်ရှားလျက် ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူ၍၊ သင်ကား၊ ငါနှစ်သက်မြတ်နိုးရာ၊ ငါချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။ လုကာ ၃း၂၂

ထိုမှတပါး ဝိညာဉ်တော်သည် ကောင်းကင်မှချိုးငှက်ကဲ့သို့ ဆင်းသက်၍ ထိုသူ၏အပေါ်၌ နားတော်မူသည်ကို ငါမြင်ရပြီ။ (ယောဟန် ၁း၃၂)

၂။ ဤသို့ တွေ့မြင်လေ့လာမိခြင်း အရေးပါပုံ

ခရစ်ဝင်ကျမ်းရေးသားပြုစုသူများ၏ ထိုသို့ တွေ့ရှိဖော်ပြချက်ကို ဆင်ခြင်ရာ အောက်ပါအချက်နှစ်ချက်ကို အလေးပေး ဖော်ပြလိုသည်။

က။ သန့်ရှင်းသော ဝိညာဉ်တော်၏အခန်းကဏ္ဍသည် လွန်စွာမှ အရေးပါသည်။

ခ။ ချိုးငှက်၏ အထိမ်းအမှတ်သည်လည်း လေးနက်သော အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်။

၃။ ကျီးအ နှင့် ချိုးငှက်

က။ ရေလွှမ်းမိုးခြင်းအပြီး၌ နောဧ သည် ကျီးအ တစ်ကောင်ကို လွှတ်ခဲ့သည် (ကမ္ဘာ ၈)။

(၁) ကျီးအသည် သွားလာလျက် နေလေသည်။

(၂) ကျီးအသည် နောဧထံသို့ ပြန်လာခြင်း မရှိ။
(၃) ကျီးအကို မသန့်ရှင်းသောသတ္တဝါအဖြစ် သတ်မှတ်ထားသည် (ဝတ်ပြု ၁၁း၁၅)။
(၄) ကျီးအသည် အသေကောင်များကို မှီဝဲသည်။

ခ။ နောဧသည် ချိုးငှက်ကိုလည်း လွှတ်ခဲ့သည် (ကမ္ဘာ ၈)။
(၁) နားစရာ နေရာ မတွေ့သောကြောင့် ထိုချိုးငှက် နောဧ ထံသို့ ပြန်လာသည်။
(၂) တစ်ပတ်ကြာပြီးနောက်၊ ချိုးငှက်ကိုနောဧ ပြန်လွှတ်လေသည်။
(၃) ချိုးငှက်သည်သံလွင်ခွက်ကိုမိမိနှုတ်သီးဖြင့် ဆောင်ယူလာသည်။
(၄) နောဧသည်လည်းမြေကြီးပေါ်မှာ ရေကုန်ကြောင်း သိလေသည်။
(၅) ချိုးငှက်သည်ကျီးအကဲ့သို့မဟုတ်ဘဲ သန့်ရှင်းသော သတ္တဝါဖြစ်သည်။

၄။ သန့်ရှင်းသောဝိညာဉ်တော်အား ကိုယ်စားပြုဖော်ပြရန် ချိုးငှက် အထိမ်းအမှတ်ကို ရွေးချယ်လိုက်သည်။

ချိုးငှက်သည် သန့်ရှင်း၊ဖြူစင်ခြင်းကို ဖော်ဆောင်သည်။ သခင်ယေရှုအပေါ်သို့ ဆင်းသက်လျက် တည်နေခြင်းသည် သခင်

ယေရှု မည်သူဖြစ်ကြောင်းကို သက်သေထူခြင်းပင် ဖြစ်သည်။ သူသည် ဘုရားသခင်၏ချစ်လှစွာသောသား အမှန်ပင်ဖြစ်သည်။ ကောင်းကင်ဘုံက ခမည်းတော်ဘုရားသခင်သည် ထိုသားတော် သခင်ယေရှုအပေါ် လုံးဝကျေနပ်အားရလျက် ရှိတော်မူသည်။ ဘုရားသခင်သည် ဤအချက်ကို ရှင်းလင်း၊သိသာစေလိုသည်။ သန့်ရှင်းသောဝိညာဉ်တော်အားပေးလိုက်ခြင်းသည် ဘုရားသခင်က တံဆိပ်ခတ်ခြင်းပင် ဖြစ်သည်။

'ဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည် . . . ' (ဟေရှာယ ၁၁း၂)

အရေးကြီးသော ပရောဖက်ပြုချက် (အနာဂတ်ဟောကြားချက်)

သခင်ယေရှုခရစ်တော် ဗတ္တိဇံမခံယူမီ ခြောက်ရာစုကတည်းက သူ့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် ပါရှိနေခြင်းကို ပရောဖက်ပြုထားပြီး ဖြစ်သည်။

ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။သူ၏ အမြစ်တို့ တွင် အညွန့်သည် အသီးသီးလိမ့်မည်။ ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကို သိ၍ ကြောက်ရွံ့သောသဘောကိုပေးသော ဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။

(ဟေရှာယ ၁၁း၁-၂)

ဗေသနိမြန်မာ စာပေ

၁။ 'ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်'

ကျ။ ဒါဝိဒ်သားဖြစ်သော ယေရှုကို ရည်ညွှန်းသည်။

ခ။ ယေရှဲသည် ဒါဝိဒ်၏ဖခင် ဖြစ်သည်။

ဂ။ အတက်သည် ဘုရင်မင်းတို့၏ တောင်ဝှေးကို ကိုယ်စားပြုသည်။

ဃ။ ဘုရားသခင် စေလွှတ်မည့် ကယ်တင်ရှင်မေရှိယနှင့် စပ်လျဉ်းသော အနာဂတ်ဟောကြားချက်တစ်ခု ဖြစ်သည်။

၂။ မေရှိယ ကယ်တင်ရှင်အား ဘိသိက်ပေးခြင်း

က။ လူထုနှင့်ဆိုင်သော ရာထူးတစ်ခုခုကို ဆက်ခံမည့်သူအား ဆီဖြင့် လိမ်း၍ ဘိသိက်မြှောက်ခြင်းသည် ကျင့်သုံးလာခဲ့သောအစဉ်လာ ဖြစ်သည်။

(၁) ယဇ်ပရောဟိတ်များသည် ဘိသိက်ခြင်း ခံယူကြရသည်။

(၂) ပရောဖက်များသည်လည်း ဘိသိက်ခြင်း ခံယူကြရသည်။

(၃) ဘုရင်များသည် ဘိသိက်ခြင်း မခံယူဘဲ မနေကြရ။ ဆီလိမ်း၍ ဘိသိက်ခြင်းကို ခံယူကြရသည်။

ခ။ သခင်ယေရှုသည် အထက်ပါအချက်သုံးမျိုးစလုံးကို ပြည့်စုံစေမည်ဖြစ်သည်။

(၁) ပရောဖက်အရာကို ခံယူမည်။

(၂) ယဇ်ပရောဟိတ်အရာကိုလည်း ခံယူမည်။

(၃) ဘုရင်အရာကိုလည်း ခံယူမည်။

၃။ ခုနစ်ဆက်သောဝိညာဉ်တော် (The Seven-fold Spirit)

က။ ဟေရှာယ ၁၁း၂ သည် ဘုရားသခင် ဝိညာဉ်တော်၏ ခုနစ်ချက်သော အမှတ်လက္ခဏာများကို ဖော်ပြထားသည်။

ခ။ ဘုရားသခင်၏ ဝိညာဉ်တော်သည် မေရှိယ သခင်ယေရှုခရစ်အပေါ်၌ ပြီးပြည့်စုံစွာသွန်းလောင်းမည် ဖြစ်သည်။

၄။ သခင်ယေရှုခရစ်တော်၏ ဗတ္တိဇံခံယူခြင်း

က။ သခင်ယေရှုခံယူသော ဗတ္တိဇံသည် နောင်တရခြင်းနှင့် စပ်ဆိုင်သော ယောဟန်၏ဗတ္တိဇံနှင့် မတူ။

ခ။ သခင်ယေရှု၌ ဝန်ချစရာ အပြစ်မရှိ။

ဂ။ သူခံယူသော ဗတ္တိဇံသည် ပရောဖက်၊ ယဇ်ပရောဟိတ်နှင့် ဘုရင်ဖြစ်သော မေရှိယအဖြစ် ဘိသိက်ခြင်း ဖြစ်သည်။

‘ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသောဝိညာဉ် . . .’ (ဟေရှာယ ၁၁း၂)

သေချာစွာ စူးစမ်းလေ့လာခြင်း

မိမိ၏ အသက်တာနှင့်အမှုတော်မြတ်အတွက် သခင်ယေရှု ဝိညာဉ်တော်ပေးအပ်ခြင်း ခံရခြင်း၏ အနက်အဓိပ္ပာယ်ကို အသေအချာ လေ့လာကြည့်မည်သို့လျှင် ထိုအချက်နှင့်စပ်လျဉ်း၍ ရှင်ယောဟန်က အောက်ပါအချက်အတိုင်းဆို၏။

ဘုရားသခင်စေလွှတ်တော်မူသောသူသည် ဘုရားသခင်၏စကားတော်ကို ပြောဆိုတတ်၏၊ ထိုသူအား ဘုရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည် မရှိဘဲပေးတော်မူ၏။

(ယောဟန် ၃း၃၄)

၁။ ‘ဘုရားသခင်စေလွှတ်တော်မူသောသူ’

က။ သခင်ယေရှုခရစ်တော်ကို ရည်ညွှန်းသည်။

ခ။ ဘုရားသခင်သည် သခင်ယေရှုကို စေလွှတ်တော်မူသည်။

(၁) ဘုရားသခင်၏နှုတ်ကပတ်တော်ကို သွန်သင်ပေးရန်၊

(၂) ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သော နှုတ်ကပတ်တော်ကို ဟောပြောရန်၊

(၃) သခင်ယေရှုသည် ဘုရားသခင်၏နှုတ်ထွက်စကားများကို ပြောကြားခဲ့သည်။

(၄) ရှင်ယောဟန်ကလည်း သခင်ယေရှုကို 'နှုတ်ကပတ်တော်' ဟုခေါ်ခဲ့သည် (ယောဟန် ၁း၂)။

၂။ ဘုရားသခင်၏အစေခံကျွန်တိုင်း

က။ ဘုရားသခင်၏အစေခံကျွန်တိုင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ပေးအပ်ခြင်း ခံကြရသည်။

ခ။ သို့သော်၊ အစေခံကျွန်တိုင်းသည် ထိုဝိညာဉ်တော်ကို အကန့်အသတ်ဖြင့်သာ ပေးအပ်ခြင်း ခံကြရသည်။

ဂ။ ဝိညာဉ်တော်ကို ခုနစ်ဆက်သော အတိုင်းအတာအားဖြင့် မည်သည့်အစေခံကျွန်မျှ ပေးအပ်ခြင်းမရှိ။

၃။ 'ဘုရားသခင်သည် ဝိညာဉ်တော်ကို အတိုင်းအရှည် မရှိဘဲ ပေးတော်မူ၏'

က။ 'ခုနစ်ဆက်သော ဝိညာဉ်တော်' သည် စကားပြောနည်း (figure of speech) တစ်မျိုးသာဖြစ်သည်။

ခ။ ဘုရားသခင်သည် ကယ်တင်ရှင် သခင်ယေရှုအား ဝိညာဉ်တော်ကို အကန့်အသတ်မရှိ ပေးတော်မူသည်ဟု ဆိုလိုသည်။

ဂ။ မေရှိယ ပြုမည့်အမှုသည် ဘုရားသခင်ဝိညာဉ်တော်အားဖြင့် ပြည့်ဝခြင်းနှင့် ထိုဝိညာဉ်တော်၏ မစခြင်း လိုအပ်မည် ဖြစ်သည်။

ဃ။ သခင်ခရစ်တော်၏ အသက်တာနှင့်အမှုတော်ကို လေ့လာ

ကြည့်သောအခါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ပါဝင်ဦးဆောင်ခြင်း၊ မစခြင်းနှင့် ထိုဝိညာဉ်တော်၏အလုပ်မှာ လွန်စွာမှ ထင်ရှားလျက်ရှိသည်။

၄။ သခင်ယေရှုခရစ်တော်၏အသက်တာနှင့်အမှုတော်မြတ်ရှိ ခုနစ်ဆက်သော ဝိညာဉ်တော်

က။ သခင်ယေရှုသည် ဘုရားသခင်၏ဝိညာဉ်တော်ကို ဘုန်းကျက်သရေအပြည့်၊ ဘုန်းတန်ခိုးအပြည့်နှင့် ပေးအပ်ခြင်းခံရမည်။

ခ။ ပညာကိုပေးသော ဝိညာဉ်တော်သည် သခင်ယေရှု၏စိတ်နှလုံးကို ပြည့်စေမည်။

ဂ။ ဉာဏ်ကိုပေးသောဝိညာဉ်တော်သည်လည်း သခင်ယေရှုအတွက် အလုံးစုံဖြစ်သည်။

ဃ။ ကြံစည်တတ်သောအစွမ်းကို ပေးသောဝိညာဉ်တော်သည်လည်း သခင်ယေရှု ပေးသော အကြံဉာဏ်တို့၌ ထင်ရှားလျက် ရှိခဲ့သည်။

င။ တတ်စွမ်းနိုင်သောသတ္တိကို ပေးသောဝိညာဉ်တော်အားဖြင့် သခင်ယေရှုပြုသော အံ့ဖွယ်နိမိတ် လက္ခဏာများသည် လူတို့ကိုတွေ့ဝေအံ့ဩစေခဲ့သည်(မာကု ၁း၂၇)။

စ။ ထာဝရဘုရားကို သိစေသော ဝိညာဉ်တော်သည် သခင်ယေရှု သွန်သင်ခြင်းအမှု၌ ထင်ရှားလျက်ရှိသည် (မဿဲ ၇း၂၈-၂၉)။

ဆ။ ထာဝရဘုရားကို ကြောက်ရွံ့သော သဘောကို ပေးသော ဝိညာဉ်တော်အားဖြင့် သခင်ယေရှုသည် ခမည်းတော်၏ ဘုန်းထင်ရှားစေခြင်းငှာ အစဉ်အမြဲ ကြိုးစားလုပ်ဆောင်သည် (ယောဟန် ၁၇း၄-၅)။

'ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍...'
(ဟေရှာယ ၁၁း၃)

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သော အသက်တာနှင့်အမှုတော်

မေရှိယ သခင်ယေရှုအနေဖြင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် မည်သည့်အဓိပ္ပာယ် ရှိသနည်း။ အောက်ပါကျမ်းချက်သည် သခင်ယေရှုခရစ်တော်၏ အသက်တာနှင့် အမှုတော်မြတ်ကို အရိပ်အမြွက်ကို ဖော်ပြထားသည်။

ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိ မြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်းမဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏အမှုကို တရားတော်အတိုင်းစီရင်၍၊ နှိမ့်ချသောမြေကြီးသားတို့ဘက်၌ နေလျက်၊ ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ တရားနှင့်သစ္စာသည် သူ၏ခါးပန်း ခါးစည်းဖြစ်လိမ့်မည်။
(ဟေရှာယ ၁၁း၃-၄က၊ ၅)

၁။ 'ထာဝရဘုရားကိုကြောက်ရွံ့ခြင်း'

က။ အဓိကအခြေခံလိုအပ်ချက်အဖြစ် သွန်သင်ခဲ့ကြရသည်။

ဣသရေလအမျိုး၊ သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ ...

(တရားဟော ၁၀း၁၂က)

ခ။ ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် ဣသရေလအမျိုး၌ မတွေ့ခဲ့ရ။

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါကိုသင်တို့သည် မကြောက်ကြသလော။ ငါ၏ရှေ့တော်၌ မတုန်မလှုပ်ကြသလော။

(ယေရမိ ၅း၂၂)

၂။ 'ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော်သည် ဖြစ်၍'

က။ သခင်ယေရှုသည် ဘုရားသခင်၏ရှေ့တော်၌ မွေ့လျော်သောသူဖြစ်သည်။

ခ။ ဘုရားသခင်၏ရှေ့တော်၌ မှန်ကန်စွာ မွေ့လျော်ခြင်းမရှိဘဲ၊ အဘယ်သူမျှ အရက်လေးဆယ်အစာရှောင်၍ နေနိုင်မည်မဟုတ်။

၃။ သခင်ယေရှုခရစ်တော်၏ လူထုအတွင်း အမှုတော်

က။ မိမိအသိပညာနှင့်ဉာဏ်ကို အမှီပြုခြင်း မရှိ။

ခ။ မိမိမျက်စိဖြင့် မြင်ရသောအရာ၊မိမိနားဖြင့် ကြားရသော အရာများကို မှီခိုခြင်းမရှိ။

ဂ။ သခင်ယေရှု အမှီပြုသောအရာမှာ-

(၁) ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၊

(၂) မိမိအသက်တာ၌ ဘုရားသခင်၏ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း၊

(၃) 'တရားနှင့်သစ္စာ . . . ခါးပန်း ခါးစည်း'အဖြစ်လည်း ကောင်း စသည်တို့ဖြစ်သည်။

ကျွန်ုပ်တို့အဖို့ စိန်ခေါ်ချက်

အရေးကြီးသည်မှာ မိမိတို့အသက်တာ၊ အမှုတော်နှင့် စိတ်နှလုံးတို့ကို ဘုရားသခင်၏ဝိညာဉ်တော် အမြင်ဖြင့် သုံးသပ်ဆင်ခြင်ကြခြင်း ဖြစ်သည်။

၁။ မိမိတို့အသက်တာ၌ ဘုရားသခင်ကိုယ်တိုင်ကိုလည်းကောင်း၊ ဘုရားသခင်၏အလုပ်ကိုလည်းကောင်း ကျွန်ုပ်တို့အဘယ်မျှလောက် သိကျွမ်းပြီး နားလည်ကြသနည်း။

၂။ မိမိတို့၏အသက်တာနှင့်အမှုတော်မြတ်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် အဘယ်မျှလောက် ပြည့်ဝကြသနည်း။

‘ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်’
(ဟေရှာယ ၄၂း၁)

အစေခံကျွန်မေရှိယ

မေရှိယသည် ထာဝရဘုရားသခင်၏အစေခံကျွန် အဖြစ် သူ၏အခန်းကဏ္ဍကို ပြည့်စုံစေလိမ့်မည်။ ဣသရေလအမျိုး သည် ဤတာဝန်ကို ပေးအပ်ခြင်းခံခဲ့ရသော်လည်း မစွမ်းဆောင် နိုင်ခဲ့။ ဣသရေလအမျိုးသည် ဆိုးရွားစွာ ကျရှုံးခဲ့သည်။ မေရှိယ သည် ထိုအစေခံကျွန်၏အခန်းကဏ္ဍကို အဘယ်သို့ အောင်မြင်စွာ ထမ်းဆောင်မည်နည်း။ သူ၏အသက်တာနှင့်အမှုတော်မြတ် အတွက် ဘုရားသခင်သည် သူ့ကို သန့်ရှင်းသောဝိညာဉ်တော် ပေးလိမ့်မည်။

ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ထိုသူအပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။သူသည်လည်း လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်။
(ဟေရှာယ ၄၂း၁)

၁။ ဤကျမ်းချက်၌ ဘုရားသခင်ပြောသောအချက်များစွာတို့သည်

က။ ဣသရေလအမျိုးတို့အား ပြောကြားပြီးသောအရာများ ဖြစ်ကြသည်။

ခ။ ဘုရားသခင်သည် မခြားနားသော ကတိတော်များကို လည်း ဣသရေလအမျိုးတို့အား ပေးခဲ့သည်။

ဂ။ သို့သော်၊ ဣသရေလအမျိုးတို့သည် လုံးဝရှုံးနိမ့်ခဲ့ကြသည်။

၂။ 'ငါ့ကျွန်ရင်း. . . ကြည့်ရှုလော့'

က။ မေရှိယသည်'ဘုရားသခင်၏ကျွန်အဖြစ်ဘဝ၌ အောင်မြင်နိုင်ကြောင်း' ဣသရေလအမျိုးအား သက်သေပြမည်ဖြစ်သည်။

ခ။ ဘုရားသခင်သည်လည်း မိမိ၏ကျွန်ရင်း မေရှိယကို ပြီးပြည့်စုံ သော ပုံသက်သေအဖြစ် ထောက်မ မည်ဖြစ်သည်။

၃။ 'ငါထောက်မသော'

က။ ဘုရားသခင်သည် ဣသရေလအမျိုးအား စဉ်ဆက်မပြတ်ထောက်မခဲ့သည်။

ခ။ သို့သော်ဣသရေလအမျိုးတို့အား ဘုရားသခင်တောင်းဆိုထားသော တုန့်ပြန်မှုမျိုးသည်လုံး၀ ထွက်ပေါ်မလာခဲ့။

ဂ။ မေရှိယကို ထောက်မမည်ဟု ဘုရားသခင်ကတိထားသည်။

ဃ။ မေရှိယသည်လည်း ဘုရားသခင်၏ကျွန်ရင်းအဖြစ် နာခံခြင်း၌ အောင်မြင်သောသူ ဖြစ်လိမ့်မည်။

၄။ 'ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို'

က။ ဘုရားသခင်သည် ဣသရေလအမျိုးတို့အား နှစ်သက်မြတ်နိုးခဲ့သည်။

ခ။ သို့သော် ဣသရေလအမျိုးတို့သည် ဘုရားသခင်ကို စော်ကား၍ သူ၏တရားတော်ကို အထင်သေးခဲ့ကြသည်။

ဂ။ ဘုရားသခင်သည် သူကျွန်ရင်း မေရှိယအပေါ်၌ သူ၏နှစ်သက် မြတ်နိုးမှုကို ထင်ရှားစွာဖော်ပြလိမ့်မည်။

၅။ 'ထိုသူအပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်'

က။ ဣသရေလအမျိုးတို့သည် ဘုရားသခင်ဝိညာဉ်တော်၏ အမှုတော်ကို သေချာစွာ နားလည်ထားခြင်း မရှိခဲ့ကြ။

ခ။ သို့သော် မေရှိယသည် သန့်ရှင်းသော ဝိညာဉ်တော် ၏ အမှုတော်၌ အရေးပါခြင်းကိုကောင်းမွန်စွာ နားလည်မည်။

ဂ။ မေရှိယသည် သူ၏အသက်တာနှင့်အမှုတော်မြတ်၌ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်လမ်းပြခြင်းကိုသာ လိုက်နာမည် ဖြစ်သည်။

ဃ။ မေရှိယသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝရန် အစဉ်ရှာဖွေနေမည် ဖြစ်သည်။

င။ မေရှိယသည် ထာဝရဘုရားသခင်၏ကျွန်ရင်းအဖြစ် သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်မှုကို တင့်တယ်စွာ တုံ့ပြန်နေမည်ဖြစ်သည်။

(ထိုသူသည်) အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍၊ လမ်းခရီး၌ အသံကိုအဘယ်သူမျှ မကြားစေရ . . .'

(ဟေရှာယ ၄၂း၂)

ဘုရားသခင်၏ဝိညာဉ်တော်သည် အစေခံကျွန်မေရှိယ၏ အသက်တာကို အကျိုးပေးပုံ

ဘုရားသခင်၏ဝိညာဉ်တော်သည် မေရှိယအပေါ်၌ တည်၍ အမှုတော်မြတ်အတွက် ဘိသိက်ပေးမည် ဖြစ်သည်။

ထိုအချက်သည်အဓိကဖြစ်သည်။ သို့သော်သန့်ရှင်းသောဝိညာဉ်တော်သည် မေရှိယကို ဘိသိက် ပေးခြင်းသာမဟုတ်ဘဲ၊ သူ (မေရှိယ)၏ အကျင့်စရိုက်နှင့် ဟန်ပန် အပြုအမူကိုလည်း သိသာစွာ လွှမ်းမိုးမည်ဖြစ်သည်။

အော်ဟစ်ခြင်း၊ကြွေးကြော်ခြင်းကိုမပြုမူ၍၊
လမ်းခရီး၌သူ၏အသံကိုအဘယ်သူမျှ မကြားစေရ။
နင်းနယ်လျက်ရှိသောကျူပင်ကို မချိုး။
အတောက်သေးသော မီးစာကိုမသတ်။
တရားသည်မြဲမြံခြင်းသို့
ရောက်မည်အကြောင်းစီရင်လိမ့်မည်။ မြေကြီးပေါ်မှာ
တရားတော်ကို မတည်စေမှီတွင်
အားမလျော့၊စိတ်လည်းမပျက်ရ။
(ဟေရှာယ ၄၂း၂-၄ (က))

၁။ မေရှိယ၏အသံ

က။ အသံသည် အကျင့်စရိုက်နှင့်ဟန်ပန်အပြုအမူကို ထင်ဟပ်စေသည်။

ခ။ မေရှိယ လုပ်ဆောင်မည်မဟုတ်သောအရာများ-

(၁) အော်ဟစ်မည် မဟုတ်။

(၂) ကြွေးကြော်မည် မဟုတ်။

(၃) လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှ ကြားစေမည် မဟုတ်။

ဂ။ ယခုခေတ် စကားအားဖြင့် ပြောရမည်ဆိုလျှင်

(၁) ဒေါသကြီးမည် မဟုတ်။

(၂) သူတစ်ပါးအား အော်ဟစ်၍ ဆူမည် မဟုတ်။

(၃) ကြမ်းတမ်းသောအပြုအမူ၊အပြောအဆိုဖြင့်သူတစ်ပါးအား အနိုင်ကျင့်မည် မဟုတ်။

၂။ သူ၏ သဘောသဘာဝ

က။ နင်းနယ်သောကျူပင်သည် အသုံးမဝင်သည့်အတွက် အမှိုက်အဖြစ် လွှင့်ပစ်ရသည်။ သို့သော် မေရှိယ သည် ကြင်နာတတ်ပြီး ကျေးဇူးပြုနေမည် ဖြစ်သည်။

ခ။ 'အတောက်သေးသော မီးစာကိုမသတ်'

အထက်က ဆိုလိုရင်းနှင့် မခြားမနား ဖြစ်သည်။ မေရှိယ သည် သူ့ထံသို့ ချဉ်းကပ်လာသော လူပျော့၊ လူညံ့တို့အား ငြင်းပယ်မည် မဟုတ်။

၃။ သူ၏ခွန်အား

က။ တရားတော်အဖို့ တရားမျှတစွာ စီရင်ခြင်း ပြုလိမ့်မည်။

ခ။ တစ်ပါးအမျိုးသားများအတွက်လည်း တရားစီရင်လိမ့်မည်။

ဂ။ တရားတော်တည်မြဲစေခြင်းအမှုသည် ခက်ခဲသောလည်း၊ မေရှိယသည် အားလျော့စိတ်ပျက်ခြင်း ရှိမည်မဟုတ်။

ဝိညာဉ်တော်၏တန်ခိုး

အစေခံကျွန်မေရှိယ ဖြစ်လာမည့်အခြင်းအရာများသည် ဘုရားသခင်၏ထောက်မခြင်းတန်ခိုးအားဖြင့် ဖြစ်ကြောင်း

နားလည်ရမည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အစေခံကျွန် မေရှိယ၏ စိတ်နှလုံးကို ခွန်အားပြည့်စေခြင်းအမှုကို အပြီးအစီး ဆောင်ရွက်မည် ဖြစ်သည်။ မေရှိယ၏အသက်တာနှင့် အမှုတော် မြတ်၌ ကျရှုံးခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် လုံးဝခွင့်ပြု မည် မဟုတ်။ 'ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့' ဟု မေရှိယကို ဘုရားသခင် ညွှန်းဆိုရာ အလွန်ပင်မှန်လှပေသည်။

'ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏ . . .' (ဟေရှာယ ၆၁း၁)

အရေးပါသော ကျမ်းပိုဒ်သုံးခု

မေရှိယ၏အသက်တာနှင့်အမှုတော်၌ ဝိညာဉ်တော်၏အခန်းကဏ္ဍနှင့်စပ်လျဉ်းသော ပရောဖက်ကျမ်းသုံးခု ရှိသည်။

၁။ကျမ်းပိုဒ်နှစ်ခုမှာ

က။ ဟေရှာယ ၁၁း၂၊ ၄၂း၁

ခ။ ဝိညာဉ်တော်အားဖြင့် မေရှိယ ဘိသိက်ခံခြင်းကို ကြိုတင် ဟောပြောသည်။

ဂ။ ဘုရားသခင်၏ဝိညာဉ်တော်သည် မေရှိယ၏အသက် တာ နှင့်အမှုတော် မည်သို့ အကျိုးပေးသည်ကို ဖော်ပြ သည်။

၂။ တတိယ ကျမ်းပိုဒ်

က။ ဤသည်လည်း ပရောဖက် ပြုထားချက် ဖြစ်သည်။
ခ။ သို့သော် ဤကျမ်းပိုဒ်သည် အထက်ဖော်ပြပါ ကျမ်းပိုဒ် နှစ်ခုနှင့် မတူချေ။
ဂ။ ဝိညာဉ်တော်၏ဘိသိက်ခြင်းနှင့်စပ်လျဉ်းသော မေရှိယ ကိုယ်တိုင်၏အမြင်နှင့်သဘောထားကို ဖော်ပြသော ကျမ်း ပိုဒ်ဖြစ်သည်။

ကိုယ်တိုင်ကိုယ်ကျ ခံယူမှု

အသက်တာနှင့်အမှုတော်မြတ်အတွက် ဝိညာဉ်တော် ၏ဘိသိက်ခံရခြင်းအား မေရှိယကိုယ်တိုင်၏ ခံယူမှုနှင့် တုန့်ပြန် ချက်ကို အောက်ပါအတိုင်းရေးမှတ်ထားသည်။

ထာဝရဘုရား၏ဝိညာဉ်တော်သည်
ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား၊
ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို
ကြားပြောစေခြင်းငှါ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ။
နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှါ၎င်း၊
ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွှတ်ခြင်းအကြောင်းနှင့်၊
အကျဉ်းခံလျက်ရှိသောသူတို့အား
ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှါ၎င်း၊
ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊
ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလကို
ကြားပြောစေခြင်းငှါ၎င်း၊

စိတ်မသာညည်းတွားသောသူတို့အားနှစ်သိမ့်စေခြင်းငှါ၄င်း၊ စိတ်မသာညည်းတွားသေဇိအုန်မြို့သားတို့အဘို့စီရင်၍၊ ပြာအရာ၌ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သောစိတ်သဘောအရာ၌ ချီးမွမ်းခြင်းအဝတ်တန်ဆာကို သူတို့အားပေးစေခြင်းငှါ၄င်း၊ ငါ့ကိုစေလွှတ်တော်မူပြီ။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းအသရေတော်ဘို့ ထာဝရဘုရား စိုက်ပျိုးတော်မူသောအပင်ဟူ၍ သမုတ်ခြင်းကို ခံရကြလိမ့်မည်။

(ဟေရှာယ ၆၁း၁-၃)

၁။‘ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏’

က။ ဘုရားသခင်ဝိညာဉ်တော်၏အမှုတော်မြတ်ကိုအသိအမှတ်ပြုခြင်း ဖြစ်သည်။

ခ။ အသက်တာနှင့်အမှုတော်မြတ်၌ ထိုဝိညာဉ်တော်၏ ပါဝင်မှုကို တန်ဖိုးထားမြတ်နိုးခြင်းလည်း ဖြစ်သည်။

၂။ ‘အကြောင်းမူကား၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ’

က။ ဝိညာဉ်တော်၏အလုပ်သည် ဘိသိက်ခြင်း ဖြစ်သည်။

ခ။ မေရှိယသည် ဘုရားသခင်စေခိုင်းသောအမှုကို ဆောင်ရွက်ရန် ဝိညာဉ်တော်၏ဘိသိက်ခြင်းဖြင့် သီးသန့်ပူဇော်ဆက်သခြင်း ခံရမည်။

'(ထာဝရဘုရားသည်) ငါ့ကိုဘိသိက်ပေးတော်မူပြီ. . .'
(ဟေရှာယ ၆၁:၁ ခ)

မေရှာယ၏ ကြီးမားသော အလုပ်

ထာဝရဘုရားသည် သူ့ကျွန်မေရှိယအား ကြီးမားသော အလုပ် အပ်နှံခဲ့သည်။ အစေခံကျွန်မေရှာယ (၆၁:၁-၃)။ မေရှိယ၏ အမှုတော်လုပ်ငန်းကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်ပေသည်။

၁။ တရားဟောကြားခြင်း အမှုတော်

က။ သတင်းကောင်း ဟောကြားခြင်း

(၁) ဆင်းရဲသားများအား

(၂) ဖမ်းချုပ်ခြင်းခံရသူများအား

(၃) ထာဝရဘုရား၏မင်္ဂလာနှစ် တို့ဖြစ်ကြသည်။

ခ။ သက်သာစေခြင်း

(၁) နှလုံးကြေကွဲသောသူများ

(၂) မကျန်းမာသောသူများ (သခင်ယေရှု၏အမှုတော်၌ တွေ့ရသည့်အတိုင်း)

ဂ။ သွန်သင်ခြင်း (နှစ်သိမ့်ခြင်း)

(၁) စိတ်မသာညည်းတွားသောသူ

(၂) ပြာအရာ၌ပေါင်းသရဖူ၊

(၃) ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊

(၄) ညှိုးငယ်သောစိတ်သဘောအရာ၌ချီးမွမ်းခြင်း အဝတ်တန်ဆာပေးခြင်း။

ဃ။ တပည့်တော်ဖြစ်စေခြင်း (အပင်ပျိုး၍ စိုက်ခြင်း)

(၁) ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်များဖြစ် လာကြမည်။

(၂) ထာဝရဘုရား စိုက်ပျိုးတော်မူသောအပင် ဖြစ်ကြမည်။

(၃) သူတို့သည် ဘုရားသခင်၏ဘုန်းအသရေတော် ထင်ရှား စေကြလိမ့်မည်။

သခင်ယေရှုသည် သူ၏အမှုတော်ကို အမှန်နားလည်ခဲ့သည်

ဤကျမ်းပိုဒ်၏ ဖော်ပြချက်အရ မေရှိယယေရှုသည် ခမည်းတော်ဘုရားသခင်အပ်နှင်းတော်မူသော အမှုတော်ကို ကောင်းမွန်စွာ နားလည်ခဲ့သည်။ ထိုအချက်ပင်လျှင် သခင်ယေရှု၏ အမှုတော်မြတ်၌ သက်သေသာဓကများအဖြစ် ရှိကြသည် (မဿဲ ၄း၂၃-၂၅)။

၁။ တရားဟောပြောခြင်း

၂။ အနာပျောက်ကင်းစေခြင်း

၃။ ဆုံးမသွန်သင်ခြင်း

(၁) တပည့်တော်မွေးထုတ်ခြင်း

(၂) လမ်းပြသွန်သင်ခြင်း (သင်တန်းပေးခြင်း)

(၃) ဘုရားသခင်၏ထူးချွန်သောအစေခံကျွန်များ ဖြစ်လာကြမည့် နေ့ရက်ကာလအတွက် တပည့်တော်တို့အား ပြင်ဆင်ခြင်း စသည်တို့ဖြစ်သည်။

'ထိုသားကို မောနွေလအမည်ဖြင့် မှည့်ရလတံ့'
(ဟေရှာယ ၇း၁၄)

အပျိုကညာမှ မွေးဖွားခြင်း

ကြ္ကသရေလအမျိုး၊ လောကီသားတို့ကို ကယ်တင်ရန် ထာဝရဘုရားသခင်သည် သူ့ကျွန်မေရှိယကို စေလွှတ်မည်ဟု ကတိပေး တော်မူခဲ့သည်။ ထိုအကြံအစည်အရ ကယ်တင်ရှင် မေရှိယသည် အပျိုကညာမှ မွေးဖွားလိမ့်မည်ဟုလည်း ပရောဖက် ပြုထားခဲ့သည်။

ထို့ကြောင့်၊ ထာဝရဘုရားသည်
ကိုယ်တော်တိုင်နိမိတ်လက္ခဏာကို
သင်တို့အားပေးတော်မူမည်။ကြည့်ရှုလော့။
သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊
သားယောကျ်ားကို ဘွားမြင်လတံ့။
ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရလတံ့။
(ဟေရှာယ ၇း၁၄)

အပျိုကညာအားဖြင့်မွေးဖွားခြင်း၌သန့်ရှင်းသော ဝိညာဉ်တော်၏ ပါဝင်မှု

ကယ်တင်ရှင်မေရှိယ ပဋိသန္ဓေစွဲယူခြင်းအမှု၌ သန့်ရှင်းသောဝိညာဉ်တော်၏ပါဝင်ခြင်းကို ရှင်မဿဲ အောက်ပါ အတိုင်း မှတ်တမ်းတင်ထားခဲ့သည်။

ယေရှုခရစ်သည်
ဘွားမြင်ခြင်းကိုခံတော်မူသောအကြောင်းအရာဟူမူကား၊
မယ်တော်မာရိသည် ယောသပ်နှင့်ထိမ်းမြားဆောင်နှင်း၍
မရှက်တင်မှီတွင် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်
ပဋိသန္ဓေစွဲနေ၏။
(မဿဲ ၁း၁၈)

မာရိနှင့်တရားဝင် လင်နှင့်မယား မဖြစ်ကြခင် မာရိကိုယ်ဝန်ရှိနေသည်ကို ယောသပ် သိသောအခါ သူတို့နှစ်ဦး၏ (လက်ထပ်ရန်) စေ့စပ်ခြင်းကို ဖျက်သိမ်းလိုခဲ့သည်။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးကို အောက်ပါ မိန့်တော်မူချက်နှင့်အတူ ယောသပ်ထံသို့ ဘုရားသခင်စေလွှတ် တော်မူသည်။

ထိုသို့ကြံစည်၍နေစဉ်တွင် အိပ်မက်ကိုမြင်ရသည်မှာ၊
ထာဝရဘုရား၏ကောင်းကင်တမန်သည် ထင်ရှား၍၊
ဒါဝိဒ်အမျိုးယောသပ်၊သင်၏ခင်ပွန်းမာရိကို
ထိန်းသိမ်းရမည်အခွင့်ကိုမစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည်
သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏။
သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ထိုသားသည်
မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့်၊
ယေရှုဟူသောအမည်ဖြင့်မှည့်ရမည်ဟု
ကောင်းကင်တမန်ဆို၏
(မဿဲ ၁း၂၀-၂၁)

၁။ယောသပ်

က။ ဒါဝိဒ်အမျိုးအနွယ် ဖြစ်သည်။

ခ။ သူသည် ဘုရင့်အမျိုး ဖြစ်သည်။

ဂ။ ထို့ကြောင့် ယေရှုသည်လည်း ဒါဝိဒ်အမျိုးမှ ဖြစ်သည်။

ဃ။ သခင်ယေရှုကို ဒါဝိဒ်သား ဟုလည်းခေါ်ကြသည်။

င။ သခင်ယေရှု၏မျိုးရိုးအစဉ်အဆက်၌ ယောသပ်နှင့် ယောသပ် ၏အဖ ယာကုပ်လည်း ပါဝင်ကြသည် (မဿဲ ၁း၁၅-၁၆)။

၂။ သန့်ရှင်းသောဝိညာဉ်တော်

က။ ဝိညာဉ်တော်၏တန်ခိုးမှာ ထင်ရှားစွာ ပေါ်လွင်မည်သာ ဖြစ်သည်။

ခ။ မာရိမွေးဖွားမည့် သားတော်သည် 'သန့်ရှင်းသော ဝိညာဉ်တော်ကြောင့်' ဖြစ်သည်။

ဂ။ အပျိုကညာမှ မေရှိယမွေးဖွားခြင်းသည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်အားဖြင့်သာ ဖြစ်နိုင်သော အံ့ဖွယ်နိမိတ် လက္ခဏာတစ်ခု ဖြစ်သည်။

ဃ။ သခင်ယေရှု မွေးဖွားခြင်းသည် အမှန်ပင် ထူးခြားသည်။ နှိုင်းယှဉ်စရာမရှိသော တစ်ခုတည်းသောမွေးဖွားခြင်း ဖြစ်သည်။

င။ အပြစ်မရှိအပြစ်စွန်းထင်းခြင်းမရှိဘဲ သခင်ယေရှုမွေးဖွား လာရန် ဘုရားသခင်၏ဝိညာဉ်တော်သည် သေချာစွာ တာဝန်ယူထားသည်။

၃။ မေရှိယ

ကျ။ 'ယေရှု' အမည်ဖြင့် မှည့်ရမည်။

ခ။ သူ၏လူများတို့အား သူတို့အပြစ်မှ ကယ်နှုတ်မည် (မဿဲ ၁း၂၁)။

'အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏ ...' (ဟေရှာယ ၄၉း၁)

ပရောဖက်သက်သေခံချက်

မေရှိယ၏မွေးဖွားခြင်း၊ ဘုရားသခင်မှ ခေါ်ခြင်း နှင့် စပ်လျဉ်းသော ပရောဖက်သက်သေခံချက် ရှိသည်။

တကျွန်းတနိုင်ငံအရပ်သို့၊ ငါ့စကားကိုကြားကြလော့။
ဝေးစွာသောလူမျိုးတို့၊ စေ့စေ့နားထောင်ကြလော့။
ငါဘွားစကပင် ထာဝရဘုရားသည်ငါ့ကိုခေါ်တော်မူ၏။
အမိဝမ်းထဲမှစ၍ ငါ၏နာမကို မှတ်တော်မူ၏
(ဟေရှာယ ၄၉း၁)

၁။ မေရှိယ၏သက်သေခံချက်

ကျ။ တစ်ကျွန်းတစ်နိုင်ငံအရပ်၌ ရှိကြကုန်သော ဣသရေလ အမျိုးတို့အား ကြားပြောသည်။

ခ။ အဝေးရောက်နေသော လူမျိုးတို့အား ကြားပြောသည်။

၂။ 'ထာဝရဘုရားသည်ငါ့ကိုခေါ်တော်မူ၏'

ကျ။ မေရှိယသည် သန့်ရှင်းပြီး မြင့်မြတ်သော (ဘုရားသခင် ၏) ခေါ်တော်မူခြင်းကိုအစဉ်သိလျက် နေသည်။

ခ။ ဘုရားသခင်ကိုယ်တိုင်က ခေါ်တော်မူကြောင်းကို မေရှိယ
သက်သေပြခဲ့သည်။

၃။'အမိဝမ်းထဲမှစ၍'

က။ သမ္မာကျမ်းစာ၌ မွေးဖွားခြင်းနှင့်ဆက်စပ်၍ ကြိုတင်ဟော
ထားခြင်းခံရသောသူတို့သည် လူအနည်းငယ်သာ ဖြစ်ကြ
သည်။

ခ။ ဓမ္မသစ်၌ ဖော်ပြထားသောသူတို့မှာ-

(၁) ဗတ္တိဇံ ယောဟန် (လုကာ ၃)

(၂) ကယ်တင်ရှင်ယေရှု

၄။ 'ငါ၏နာမကို မှတ်တော်မူ၏'

က။ ဆင်ခြင်အပ်သော အရာပင်ဖြစ်သည်။

(၁) ခမည်းတော်နှင့်သားတော်တို့ နှီးနွှယ်ဆက်စပ်မှု

(၂) ထာဝရဘုရားသခင်သည် သူ့သားတော်၌သာ
ကျေနပ်လျက်ရှိသည်။ ထိုသားတော်သည် သခင်
ယေရှုခရစ်တော်ဖြစ်သည်။

ခ။ လူပုဂ္ဂိုလ်တစ်ဦး၏ နာမည်

(၁) အကြင်သူ၏ ဘဝအလုပ် (တာဝန်) ကို ကိုယ်စားပြု
ဖော်ပြ သည်။

(၂) ဘုရားသခင်သည် သခင်ယေရှုခရစ်တော်၏နာမ
တော်ကို အကောင်းဆုံးကာကွယ်ပေးသည်။

၅။ ကျွန်ုပ်တို့ ကယ်တင်ရှင်သခင်ယေရှုနာမတော်မြတ်

က။ ယေရှု၏ အနက်ကား 'သူသည် ကယ်တင်လိမ့်မည်။'

ခ။ ခရစ်တော် ဟူသည်မှာ ဘိသိပ်ခံသူ ဟုအဓိပ္ပာယ်ရသည်။ မေရှိယ ဟုလည်း ခေါ်ကြသည်။

ဂ။ ဧမာနွေလ အနက်ကား ဘုရားသခင်ငါတို့နှင့်အတူ ရှိသည် ဟု ဆိုလိုသည်။

၆။ သန့်ရှင်းသောဝိညာဉ်တော်၏ အထူး လုပ်ငန်းခုနှစ်ထပ်

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မေရှိယသည် အသက်တာနှင့်အမှုတော်မြတ်အတွက် ဘိသိက်ခြင်းခံရသည်။

‘ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍၊’ (မဿဲ ၄း၁)

ဘုရားသခင်ဝိညာဉ်တော်၏ စစ်မှန်သော အမှုတော်မြတ်

ပရောဖက်ကျမ်းများ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍကို အတိအလင်းသတ်မှတ်ပြီး ဖြစ်သည်။ သခင်ယေရှုကို မေရှိယအဖြစ် ဝိညာဉ်တော် ဘိသိက်ပေးလိမ့်မည်။ အသက်တာနှင့် အမှုတော်မြတ်အတွက် မေရှိယအား ခွန်အားပေးလိမ့်မည်။ ဝိညာဉ်တော်၏တန်ခိုးသည် မရှိမဖြစ်သောအရာဖြစ်သည်။

သခင်ယေရှု ဗတ္တိဇံခံယူပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုကို ခရစ်ဝင်ကျမ်းသုံးကျမ်းတို့သည် ခြားနားသောနည်းမျိုးစုံဖြင့် ဖော်ပြကြသည်။

ထိုအခါမာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော် မူ၍၊

(မဿဲ ၄း၁)

ထိုခဏချင်းတွင် ဝိညာဉ်တော်သည် ယေရှုကို တောသို့ သွားစေတော်မူ၏။

(မာကု ၁း၁၂)

ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်၊ ယော်ဒန်မြစ်နားမှ ပြန်စဉ်တွင် ဝိညာဉ်တော်သည် တောသို့ ပို့ဆောင်တော်မူ၏။

(လုကာ ၄း၁)

၁။ အနည်းငယ်ခြားနားနေသော အမြင်များ

က။ ခရစ်ဝင်ကျမ်းပြုစုရေးသားသူတိုင်း၌ မတူခြားနားသော အမြင်များကိုယ်စီ ရှိကြသည်။

ခ။ ထိုကြောင့် သူတို့ရေးသားချက်များသည် မှားနေသည်ဟု သတ်မှတ်၍မရချေ။

ဂ။ တစ်ဦးချင်းတို့၏အမြင်သည် အများအတွက် အကျိုးကျေးဇူးပြုနေနိုင်သောကြောင့် ဖြစ်သည်။

၂။ **'ဝိညာဉ်တော်သည် ပို့ဆောင်တော်မူ၏'** (မဿဲ ၄း၁၊ လုကာ ၄း၁)

က။ ရှင်မဿဲနှင့် ရှင်လုကာတို့သည် ဘုရားသခင်ဝိညာဉ်တော်

၏ဦးဆောင်မှုကိုဖော်ပြရာ၌ တူညီသောစကားလုံးကို သုံးကြသည်။

ခ။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အဓိက အခန်းကဏ္ဍကို ဖော်ပြသည်။

(၁) ဦးဆောင်ခြင်း၊

(၂) ရောမ ၈း၁၄ ၌လည်း အောက်ပါအတိုင်း တွေ့ရသည်။

'ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင် တော်မူသမျှ သောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။'

၃။ **'ဝိညာဉ်တော်သည် ယေရှုကို တောသို့ သွားစေတော်မူ၏'** (မာကု ၁း၁၄)

က။ ရှင်မာကုသည် ပို၍ပြင်းထန်သောစကားလုံးကို သုံးသည်။

ခ။ 'သွားစေ'ဟူသောစကားလုံးသည် 'မောင်းထုတ်၊မောင်းနှင်'သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

ဂ။ သခင်ယေရှုခရစ်တော်၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်သည် ပြင်းထန်စွာဦးဆောင်နေသည်။

၄။ **'ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်'** (လုကာ ၄း၁)

က။ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟူသောအချက်သည် အရေးကြီးသောအရာဖြစ်သည်။

ခ။ ယေရှုသည် ဝိညာဉ်တော်နှင့်ပြည့်ဝနေမည်ဟုပေါ့ပေါ့တန်တန် မခံယူသင့်ချေ။

(၁) မည်သို့ပင်ဆိုစေကာမူ သခင်ယေရှုသည် ဘုရားသခင်၏ချစ်သောသားတော်ဖြစ်ကြောင်း ဘုရားသခင်ကိုယ်တိုင် ကောင်းကင်မှ ကျယ်လောင်သောအသံဖြင့် မိန့်မှာခဲ့သည်။

(၂) သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သခင်ယေရှုအပေါ်၌ ချိုးငှက်ကဲ့သို့ ကိုယ်ထင်ရှားစေလျက် ဆင်းသက်ကာ နားခဲ့သည်။

ဂ။ ဤအတွေ့အကြုံပြီးနောက်၊ သခင်ယေရှုသည် ဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု ရေးသာရန် လိုအပ်ကြောင်း ရှင်လုကာ ခံစားမိသည်။

ဃ။ ဤသို့ 'ဝိညာဉ်တော်နှင့်ပြည့်ဝ' နေခြင်းကြောင့် သခင်ယေရှုသည် (ဝိညာဉ်တော်မှ) တောသို့ ခေါ်သွားခြင်းဖြစ်သည်။

'တောသို့ ပို့ဆောင်တော်မူ၍'
(မဿဲ ၄း၁)

လူထုရှေ့အမှုတော် မဆောင်မီ

မေရှိယ၏ လူထုအတွင်းအမှုတော်ဆောင်ခြင်းသည် မည်သို့ ဖြစ်မည်ကို ပရောဖက်ကျမ်းများက ကြိုတင်ဖော်ပြခဲ့ပြီးဖြစ်သည် (ဟေရှာယ ၄၂၊၄၉၊၅၃၊၆၁)။ မေရှိယ၏အမှုတော်မြတ်သည် အမှန်ပင်စိန်ခေါ်ချက်များနှင့်ပြည့်နေလိမ့်မည်။ အားကြီးသောသူ မဟုတ်ပါက မေရှိယသည် ဤမျှလောက်

ပြင်းထန်ခက်ခဲသော အမှုတော်မြတ်အား အမှန်ဆောင်ရွက်ရန် တွန့်ဆုတ်နေခဲ့မည် ဖြစ်သည်။

တောသို့ (တောအရပ်ထဲသို့)

ပထမ ခရစ်ဝင်ကျမ်းသုံးကျမ်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်က သခင်ယေရှုအား တောအုပ်ထဲသို့ ပို့ဆောင်တော်မူကြောင်း မှတ်တမ်းတင်ကြသည်။ ဤအချက်၏ လေးနက်မှုကို လေလ့ာဆင်ခြင်ကြည့်မည်ဆိုလျှင်-

၁။ 'တော' ဟူသောစကာလုံး

က။ 'သဲကန္တာရ' ဟုလည်း ပြန်ဆိုနိုင်သည်။

ခ။ ထိုတောအုပ်၌ 'သားရဲတို့' ရှိကြောင်း မာကု ဖော်ပြသည် (မာကု ၁း၁၃)။

ဂ။ ထိုနေရာကို လူသူမရှိရာ 'တောအရပ်' ဟုလည်း မာကု ဆိုသည် (မာကု ၁း၃၅)။

၂။ ရင်ဆိုင်ရမည့် စိန်ခေါ်ချက်များ

က။ ဆိတ်ငြိမ်ခြင်း

(၁) လူအများစုသည် ဤကဲ့သို့ ဆိတ်ငြိမ်ခြင်း အမှုကို မခံနိုင် ကြ။

(၂) လူတို့နှင့်ဆက်ဆံခြင်းအမှု လုံးဝရှိမည် မဟုတ်။

ခ။ ခက်ခဲကြမ်းတမ်းသော အခြေအနေများ

(၁) သဲကန္တာရ ဖြစ်သောကြောင့် နှစ်ခြိုက်ကျေနပ်ဖွယ် တစ်ခုမျှ ရှိမည် မဟုတ်။

(၂) သခင်ယေရှုသည်ကြမ်းကြမ်းခံ၍နေရမည် ဖြစ်သည်။
(၃) နေ့ခင်း၌ အလွန်ပူပြင်း မည်ဖြစ်သည်။
(၄) ညဥ့်ချိန်၌ အလွန်အေးမည် ဖြစ်သည်။

၃။ တော၌ ရက်လေးဆယ်လုံးလုံး ရှင်သန်ရခြင်း

က။ ခန္ဓာအားဖြင့် မေရှိယသည် သန်မာပြီး ကြံ့ကြံ့ခံနိုင်သောသူ ဖြစ်ရမည်။

ခ။ စိတ်ဓာတ်ရေးရာ၌လည်း မေရှိယသည် အလွန်အားကြီးသောသူ ဖြစ်ရမည်။

ဂ။ လူမှုဆက်ဆံရေးကဏ္ဍ၌လည်း မေရှိယသည် လွန်စွာမှနှလုံးစွမ်းရည်နှင့် ပြည့်ဝသောသူဖြစ်ရမည်။ အကြောင်းမှာ သူသည် သူတစ်ပါးနှင့် လုံးဝ အဆက်အသွယ်မရှိသော်လည်း ခံနိုင်ရမည် ဖြစ်သည်။

သခင်ယေရှု၏ကြီးထွားမှု

သခင်ယေရှု၏ကြီးထွားမှုနှင့် စပ်လျဉ်းပြီး ရှင်လုကာ အောက်ပါအတိုင်း ရေးသားခဲ့သည်။ သခင်ယေရှုသည် သတ္တိ၌လည်း ကြီးပွားကြောင်း မမေ့အပ်ပေ။

သူငယ်သည်လည်း ကြီးပွါး၍
ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏။
ဘုရားသခင်၏ကျေးဇူးတော်သည်လည်း
သူ့အပေါ်၌တည်၏။
(လုကာ ၂း၄၀)

ပညာဉာဏ်နှင့်သတ္တိတို့၌ သခင်ယေရှု၏ အမှန်ခွန်အားကြီးခြင်းကို တော၌ ပြင်းထန်စွာ အစမ်းသပ်ခံရမည် ဖြစ်သည်။ ထိုတောအရပ်၌ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း လိုအပ်နေမည် ဖြစ်သည်။ ဝိညာဉ်တော်၏ တန်ခိုးနှင့်မစခြင်း သည်လည်း လွန်စွာမှ အရေးကြီးမည် ဖြစ်သည်။

'မောရှေသည် မိုးယံတိမ်အထဲသို့ဝင်သဖြင့် တောင်ပေါ်သို့ ရောက်၍ အရက်လေးဆယ်ပတ်လုံး တောင်ပေါ်မှာ နေလေ၏' (ထွက် ၂၄း၁၈)

အရက်လေးဆယ်

ခရစ်ဝင်ကျမ်းများအရ သခင်ယေရှုသည် တော၌ အရက်လေးဆယ် နေရသည်။ ဘုရားသခင်၏လူ မောရှေသည်လည်း အရက်လေးဆယ်ပတ်လုံး သိနာတောင်ပေါ်၌ ဘုရားသခင်နှင့် အတူ သီးသန့်အချိန်ယူခဲ့သည်။ သခင်ယေရှုနှင့်မောရှေတို့၏ တူညီသောအချက်များသည် မှတ်သားအပ်ပေသည်။ မောရှေအား ထိုသို့ သိနာတောင်ပေါ်၌ အချိန်ယူရန် အဘယ်ကြောင့် ဘုရားသခင် ခေါ်တော်မူသည်ကို ကျမ်းစာ၌ ဖော်ပြထားသည်။

ထာဝရဘုရားကလည်း၊ ငါရှိရာတောင်ပေါ်သို့ တက်၍နေလော့။ လူများတို့အား သွန်သင်ဘို့ရာကျောက်ပြားပေါ်မှာ ငါရေးထားသောပညတ်တရားများကို သင်၌ငါအပ်ပေးမည်ဟု မောရှေအား မိန့်တော်မူလျှင်၊- (ထွက် ၂၄း၁၂)

၁။‘ငါရှိရာတောင်ပေါ်သို့ တက်၍နေလော့’

က။ တိကျသော မိန့်မှာချက် ဖြစ်သည်။

ခ။ မောရှေသည် မိန့်မှာချက်ကို နားလည်ပြီး အပြည့်အဝနာခံခဲ့သည်။

ဂ။ ဘုရားသခင်ရှိရာတောင်ပေါ်သို့ တက်ရခြင်းသည် မဖြစ်မနေ ဆောင်ရွက်ရမည့် ခရီးစဉ် ဖြစ်သည်။

၂။ ‘ကျောက်ပြားပေါ်မှာ ငါရေးထားသောပညတ်တရားများကို သင်၌ငါအပ်ပေးမည်’

က။ ဘုရားသခင်ကိုယ်တိုင်က မောရှေအား သွန်သင်မည်။

ခ။ ဘုရားသခင်က မောရှေအား သူ၏ပညတ်တရားများ အပ်ပေးမည် ဖြစ်သည်။

ဂ။ မောရှေသည် ဘုရားသခင်၏ပညတ်တရားများကို သိရှိထားပြီး ဖြစ်သည်ဟု မခံယူရ။

(၁) လေးနက်ပြီး အရေးကြီးသော သင်ခန်းစာများစွာ သင်ယူရမည်။

(၂) ထိုသင်ခန်းစာများသည် ဣသရေလလူမျိုးတော် အတွက် လွန်စွာမှ အရေးပါသည်။

(၃) ဤသင်ခန်းစာများသည် ဣသရေလလူမျိုးတော်တို့၏ ယုံကြည်ခြင်း အုတ်မြစ် ဖြစ်မည်။

(၄) မောရှေသည် ထိုသင်ခန်းစာများ မိမိကိုယ်တိုင် သေချာစွာ သင်ယူရမည်။

၃။ ‘လူများတို့အား သွန်သင်ဘို့ရာ’

က။ အရေးကြီးဆုံးသော တာဝန်ဖြစ်သည်။

ခ။ မောရှေသည်ဣသရေလလူမျိုးတော်တို့အား ဘုရားသခင်၏ပညတ်တရားများ သွန်သင်ရမည်ဖြစ်သည်။

ဂ။ အမိန့်အာဏာ အပြည့်နှင့် သွန်သင်ရ လိမ့်မည်။

ဃ။ ဣသရေလလူမျိုးတို့သည် အလွယ်တကူဖြင့် သွန်သင်ခြင်းကို မခံယူကြချေ။

တူညီချက်များ

မောရှေ၏သွန်သင်ခြင်းအမှုတော်နှင့် သခင်ယေရှု၏သွန်သင်ခြင်းအမှုတော်တို့၏ တူညီချက်များသည် မှတ်သားအပ်သည်။

၁။ သခင်ယေရှုသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် အကျွမ်းတဝင် ရှိနေရမည်။

၂။ အရက်လေးဆယ်ပတ်လုံး ဘုရားသခင်နှင့်အတူ သီးသန့်အချိန်ယူနေထိုင်ခြင်းဖြင့် သခင်ယေရှုသည် သူ၏သွန်သင်ခြင်းအမှုတော်ကို ကောင်းမွန်စွာ အချိန်ပေးဆင်ခြင်ခွင့် ရခဲ့သည်။

၃။ ထိုသို့ ဘုရားသခင်နှင့်အတူ ခရီးသွားနှင့်ခြင်းအမှုသည် အသက်တာနှင့်အမှုတော်မြတ်အတွက် ထင်ရှားသိသာသော အကျိုးကျေးဇူး ဖြစ်စေသည်။

‘မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း’ (မဿဲ ၄း၁)

အရေးပါသောခြားနားချက်

မောရှေ၏သိနာတောင်ရက်လေးဆယ်နှင့် သခင် ယေရှု၏ သဲကန္တာရရက်လေးဆယ်တို့၌ များစွာတူညီသောအချက်များ ရှိနေ သော်လည်း၊ သခင်ယေရှု၏ရက်လေးဆယ် အတွေ့အကြုံသည် အများနှင့်မတူဘဲ ခြားနားသည်။

ထိုအခါမာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကိုခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍၊-
(မဿဲ ၄း၁)

အရက်လေးဆယ်ပတ်လုံး ထိုတော၌နေ၍ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ သားရဲတို့နှင့်အတူ ရှိတော်မူ၏။ ကောင်းကင်တမန်တို့သည်လည်း လုပ်ကျွေးကြ၏။
(မာကု ၁း၁၃)

၁။ ‘စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း’
- က။ ရှင်မဿဲ၏ တွေ့ရှိချက် ဖြစ်သည်။
- ခ။ ဝိညာဉ်တော်သည် သခင်ယေရှုအား တောသို့ ပို့ဆောင်တော်မူခဲ့သည်။

(၁) ယင်းသို့ပို့ဆောင်ရာ၌ တိကျသော ရည်ရွယ်ချက်ရှိသည်။

(၂) ဝိညာဉ်တော်သည် သခင်ယေရှုအား မာရ်နတ်၏စုံစမ်းခြင်းကို ခံစေမည်အကြောင်း ထိုသို့တောသို့ပို့ဆောင်ခြင်းဖြစ်သည်။

၂။ ပထမလူ

က။ တမန်တော်ပေါလုသည် အာဒံနှင့်ခရစ်တော်တို့၏ တူညီချက်ကို ခိုင်နှိုင်းခဲ့သည် (၁ကော ၁၅:၄၅-၄၉)

ခ။ ပထမလူ အာဒံသည် မာရ်နတ်၏စုံစမ်းခြင်းကို ခံခဲ့သည်။

ဂ။ အာဒံသည် စာတန်၏စုံစမ်းသွေးဆောင်မှုကို အရှုံးပေးခဲ့သည် (ကမ္ဘာဦးကျမ်း ၃)။

၃။ ဒုတိယလူ

က။ တမန်တော်ပေါလုသည် သခင်ယေရှုကို ချစ်ခင်ရှိသေစွာ တင်ဆက်ထားသည်။

(၁) ခရစ်တော်သည် ဒုတိယအာဒံ ဖြစ်သည်။ သူသည် 'အသက်ရှင်စေတတ်သောဝိညာဉ်' ဖြစ်သည် (၁ကော ၁၅:၄၅)။

(၂) ပေါလုသည် ခရစ်တော်ကို 'ဒုတိယလူ' ဟုဆို၏။ သူသည် 'ကောင်းကင်ဘုံကဖြစ်တော်မူသောသခင်' ဖြစ်သည် (၁ကော ၁၅:၄၇)။

(၃) ခရစ်တော်သည် 'ကောင်းကင်သား'ဖြစ်သည် (၁ကော ၁၅:၄၉)။

ခ။ ခရစ်တော်သည်လည်း စုံစမ်းသွေးဆောင်ခံရခြင်းမှာ ရှောင်လွှဲ၍မရသော အချက်ဖြစ်သည်။

စုံစမ်းသွေးဆောင်သူ

ခရစ်ဝင်ကျမ်းရေးသားပြုစုသူများသည် သခင်ခရစ်တော်အား စုံစမ်းသွေးဆောင်ရဲသောသူကို အဘယ်သူဖြစ်ကြောင်း ဖော်ပြကြသည်။

၁။မာရ်နတ်

ဂရိစကားလုံး‘ diabolos ’ ၏ အနက်အဓိပ္ပာယ်အရ၊ မာရ်နတ်သည် သူတစ်ပါးနစ်နာအောင် အတင်းစကားပြောတတ်သောသူ ဖြစ်သည်။

၂။ စာတန်

ဂရိစကားလုံး ‘Satanas’ ၏ အနက်အဓိပ္ပာယ်အရ၊ စာတန်သည် ရန်သူ၊ ရန်ဘက် ဖြစ်သည်ဟု ဆိုလိုသည်။ သူသည် ရန်လိုနေသော ရန်ဘက်ဖြစ်သည်။

၃။ စုံစမ်းသွေးဆောင်ခြင်း

မှတ်သားအပ်သော အချက်နှစ်ချက်မှာ-

က။ စုံစမ်းခြင်း (to test)သည် အစုံစမ်းခံရသော သူ၏ အရည်အချင်းမည်မျှရှိသည်ကို တိုင်းတာရန် အားထုတ်ခြင်းဖြစ်သည်။

ခ။ စုံစမ်းသွေးဆောင်ခြင်း (to tempt) သည် တစ်စုံတစ်ဦးအား အပြစ်ကျူးလွန်စေရန်အားထုတ်ခြင်းဖြစ်သည်။

‘အရက်လေးဆယ်ပတ်လုံး ... စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏’
(လုကာ ၄း၂)

သခင်ယေရှု ခံရသော စုံစမ်းသွေးဆောင်ခြင်း

မာရ်နတ်သည် သခင်ယေရှုကို အဘယ်မျှလောက် စုံစမ်းသွေးဆောင်ခဲ့သနည်း။ တစ်ခါတစ်ရံ စာတန်သည် သခင်ယေရှုကို သုံးကြိမ်သာ စုံစမ်းသွေးဆောင်ခဲ့သည်ဟု ကျွန်ုပ်တို့ ယူဆမိကြသည်။

အရက်လေးဆယ်ပတ်လုံး မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ ထိုကာလပတ်လုံး အစာအာဟာရကို သုံးဆောင်တော်မမူ။ ထိုကာလလွန်ပြီးမှ မွတ်သိပ်တော်မူ၏။ (လုကာ ၄း၂)

၁။ ‘အရက်လေးဆယ်ပတ်လုံး မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏’
- က။ ကျမ်းချက်အရ သခင်ယေရှုသည် ရက်ပေါင်းလေးဆယ်လုံးလုံး မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံသည်ဟု ဖော်ပြသည်။
- ခ။ မာရ်နတ်သည် သခင်ယေရှုကို စုံစမ်းသွေးဆောင်နိုင်မည့် အခွင့်အခါကောင်းဟူသမျှတို့ကို လက်လွှတ်ဆုံးရှုံးခံမည် မဟုတ်။

ဂ။ သခင်ယေရှုအား စုံစမ်း၍ လဲကျစေနိုင်ခဲ့လျှင်၊ မာရ်နတ်သည် အမှန်ပင် အောင်မြင်လိမ့်မည်။

၂။ စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို သခင်ယေရှုသည် အဘယ်သို့ ထိရောက်စွာ ခုခံနိုင်ခဲ့သနည်း။

က။ သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍနှင့်အမှုတော်မြတ်ကို အသိအမှတ်ပြုရမည် ဖြစ်သည်။

(၁) ဝိညာဉ်တော်၏ အတူပါရှိခြင်းသည် အလွန်ပင်ထင်ရှားနေမည်။

(၂) ဝိညာဉ်တော်၏တန်ခိုးတော်သည်လည်း ထင်ရှားသိသာနေမည်။

(၃) ဝိညာဉ်တော်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းလည်း အမြဲရှိနေမည်။

ခ။ သခင်ယေရှု၏အခန်းကဏ္ဍကိုလည်း မှတ်သားအပ်ပေသည်။

(၁) ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝနေသည်။

(၂) သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို အပြည့်အဝ နာခံသည်။

(၃) သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေခြင်းအားဖြင့် ကြီးစွာသောခွန်အား ရရှိသည်။

၃။ ဆင်ခြင်အပ်သော ကျမ်းတစ်ချက်

ခရစ်တော်နှင့်စပ်လျဉ်းသော အကြောင်းတရားကို ပေါလုသည် ဖိလိပ္ပိသြဝါဒစာ၌ ရေးသားခဲ့သည် (ဖိလိ ၂း၅-၁၁)။ ဤကျမ်းချက်ကို အခြေခံလျက် သခင်ယေရှုသည် ရက်ပေါင်း

လေးဆယ်စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို မည်သို့ ခုခံနိုင်ခဲ့သည်ကို သုံးသပ်ဆင်ခြင်ကြရမည်ဖြစ်သည်။

က။ 'ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့' (ဖိလိ ၂း၅)

(၁) ပေါလု က သခင်ခရစ်တော်၏ စိတ်နေစိတ်ထားကို ဖော်ပြသည်။

(၂) မာရ်နတ်သည်(ကျွန်ုပ်တို့၏)စိတ်ကို အလေးပေး တိုက်ခိုက်လိမ့်မည်။

(၃) ထို့ကြောင့် မိမိတို့၏ စိတ်အား ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ခွန်အားကြီးစေရမည်။

ခ။ 'မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ဘွားမြင်ခြင်းကို ခံတော်မူ၏' (ဖိလိ ၂း၇)

(၁) စာတန်က စုံစမ်းနေချိန်၌ သခင်ယေရှုသည် ရာနှုန်းပြည့်လူသားဖြစ်သည်။

(၂) လူ့အဖြစ်အားခံယူခြင်းသည် သခင်ယေရှုအား အလိုအလျောက် အစွမ်းအစမဲ့စေသည် မဟုတ်။

(၃) ဘုရားသခင် ဖန်ဆင်းခါစ အာဒံကဲ့သို့၊ သခင်ယေရှုသည် အပြစ်ကင်းစင်လျက်ရှိသည်။

စာတန်နှင့် သူ၏ စုံစမ်းသွေးဆောင်ခြင်းကို သခင်ယေရှု လုံးဝ အရှုံးမပေးခဲ့ပေ။

'ထိုသို့ လူ၏အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ . . .'
(ဖိလိ ၂း၈)

ငါတို့ပုံသဏ္ဌာန်တော်နှင့်တညီတသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့

ထာဝရဘုရားသခင်သည် လူကိုဖန်ဆင်းရန် ရည်ရွယ်သောအခါ၊ သူ၌ ကြီးမားသောအကြံအစည်များစွာ ရှိပြီးဖြစ်သည်။ တဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တညီတသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည်ပင်လယ်ငါးတို့ကိုင်၄င်း၊ မိုဃ်းကောင်းကင် ငှက်တို့ကို၄င်း၊ သားယဉ်တို့ကို၄င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကို၄င်း၊ အုပ်စိုးစေ . . .

ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။
ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊လူမိန်းမကို ဖန်ဆင်းပြီးလျှင် သူတို့ကို ကောင်းချီးပေးတော်မူ၏
(ကမ္ဘာ ၁း၂၆-၂၈)

၁။ အောက်ပါအချက်များသည် မှတ်သားအပ်ပေသည်။

က။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခံခြင်းသည် သေးငယ်သောအမှု မဟုတ်ပါ။

ခ။ လူသည်မြေကြီးပေါ်မှာရှိသမျှသောအရာများအား အုပ်စိုးရမည် ဖြစ်သည်။

၇။ ဘုရားသခင်သည်လည်း ကောင်းချီးပေးတော်မူ၏။

(၁) သူ၏သဘောတူ၊ အတည်ပြုခြင်းကို ပေါ်လွင်စေရန်၊
(၂) အသက်တာနှင့်အမှုတော်မြတ်အတွက် သူ၏မစခြင်းကို ဖော်ထုတ်ရန် စသည်တို့ဖြစ်သည်။

၂။ ထိုကောင်းချီးမင်္ဂလာကို ပေးအပ်ခြင်းခံရသောသူမှာ-
က။ ပထမလူ (အာဒံ)၊
ခ။ ဒုတိယလူ (ခရစ်တော်)၊ တို့ဖြစ်ကြသည်။

၃။ သခင်ယေရှုသည်'လူ၏အင်္ဂါလက္ခဏာနှင့်ပြည့်စုံ' ခြင်းအဖြစ်ကို မည်သို့ တုံ့ပြန်သနည်း။
က။ မိမိကိုယ်ကို နှိမ့်ချခဲ့သည် (ဖိလိ ၂း၈)။
ခ။ (အဆုံးထိ) နာခံသောသူ ဖြစ်လာခဲ့သည် (ဖိလိ ၂း၈)။

လေးနက်သော အဓိပ္ပာယ်သက်ရောက်မှုများ

ကျွန်ုပ်တို့ မှတ်သားအပ်သော တစ်ချို့သော အဓိပ္ပာယ်သက်ရောက်မှုများသည် အဘယ်နည်း။

၁။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်း
က။ သခင်ယေရှုသည် ဘုရားသခင်၏ဝိညာဉ်တော်အား အမှီပြုအားကိုးနေရခြင်းကို အမှန်တကယ်ပင်သိနေသည်။
ခ။ သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို အကြွင်းမဲ့ ခံယူနေသည်။
ဂ။ ထိုသို့ မိမိကိုယ်ကို နှိမ့်ချခြင်းသည် သခင်ယေရှု၏ ဉာဏ်ပညာနှင့်အစွမ်းသတ္တိ ဖြစ်သည်။

၂။ နာခံသောသူ ဖြစ်လာခြင်း

က။ ဘုရားသခင်အား ခြွင်းချက်မရှိ၊ အကြွင်းမဲ့ နာခံခြင်းထက် ပို၍မြင့်မြတ်သော အကျင့်သီလမရှိနိုင်ပါ။

ခ။ အာဒံ လဲကျပြီး ရှုံးနိမ့်ခဲ့ရခြင်းမှာ မနာခံခဲ့သောကြောင့် ဖြစ်သည်။ သခင်ခရစ်တော်က ထိုအမှားမျိုး မကျူးလွန်ခဲ့ချေ။ သူသည် ဘုရားသခင်၏ အလိုတော်ကို အကုန်အစင် နာခံခဲ့သည်။

'ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲ နေပြီးမှ ...' (မဿဲ ၄း၂)

ဘာသာရေးပွဲများ

ထာဝရဘုရားသခင်သည် ဣသရေလအမျိုးတို့ကို ပညတ်တော်များ ပေးခဲ့စဉ်၊ ဘာသာရေးပွဲများသည် စားသောက်စရာများဖြင့် ကျင်းပကြရန်ဖြစ်သည်။ ထိုပွဲများသည် သမိုင်းဖြစ်စဉ်တချို့ကို အောက်မေ့ခြင်းအတွက် ကျင်းပကြရသည်။

၁။ ပသခါ နှင့် တဆေးမပါသောမုန့် (ထွက် ၁၂း၁-၂၀)

အဲဂုတ္တုပြည်၌ ရှိသောသူတို့၏သားဦးများနှင့် တိရစ္ဆာန်တို့၏သားဦးအပေါင်းတို့ကို ဘုရားသခင်သည် ဒဏ်ခတ်ဖျက်ဆီးသော်လည်း၊ ဣသရေလ၏ သားသမီးများကို ဒဏ်ခတ်ဖျက်ဆီးခြင်း မပြုဘဲ လွန်သွားခြင်းကို အောက်မေ့သတိရ ရန်ဖြစ်သည်။

၂။ အဦးရိတ်သော ကောက်လှိုင်း (ဝတ် ၂၃း၉-၁၄)

အဦးသီးသောအသီးများကို ဘုရားသခင်ထံတော်သို့ ဆက်သပူဇော်သောအခါ ကျင်းပရသော ပွဲဖြစ်သည်။

၃။ ကောက်သစ်ရိတ်ပွဲ (ဝါ) ခုနစ်သီတင်းပွဲ (တရား ၁၆း၉-၁၂)။

ဤပွဲကို ပင်တေကုတ္တေပွဲ ဟုလည်းခေါ်ကြသည်(တမန် ၂း၁)။ ကောင်းသောကောက်သစ်ရိတ်သိမ်းခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်ခြင်း ဖြစ်သည်။

၄။ တံပိုးမှုတ်ခြင်း (Rosh Hashanah- ခေါ် နှစ်သစ်ကူးပွဲ) (တောလည် ၂၉း၁-၆)။

ဤပွဲသည် နှစ်သစ်ရောက်လာခြင်းကို အမှတ်ပြုသည်။

၅။ သစ်ခက်တဲပွဲ (တဲတော်ပွဲ) (နေဟမိ ၈း၁၃-၁၈)

၆။ ပုရပွဲ (ဧသ ၉း၁၈-၃၁)

ယုဒလူမျိုးတို့၏ ရန်သူများကို ဖျက်ဆီးခြင်းငှာ ပုရစာရေး တံချခြင်းကို အကြောင်းပြုသော ပွဲဖြစ်သည်။

၇။ အပြစ်ဖြေရာနေ့ (ဝတ်ပြု ၂၃း၂၆-၃၂)

အစာရှောင်ခြင်း (ဥပုသ်စောင့်ခြင်း) ပြုလုပ်ရသော ဘာသာရေးပွဲသည် အပြစ်ဖြေရာနေ့ ဖြစ်သည်။ ထိုနေ့ရက်၌ ဣသရေလ၏ သားသမီးများတို့သည် မိမိတို့၏စိတ်ဝိညာဉ်အဖို့ ငြိုးခြံစွာ နေရသည်။ မိမိတို့ စိတ်ဝိညာဉ်ကို ပြင်းထန်စွာ နှိပ်စက်ရသည်။ ဤသို့ ပြုမူခြင်းမျိုးကို အခြားသောယုဒဘာသာရေးပွဲများ၌ သတ်မှတ်ထားခြင်း မရှိ။

အစာရှောင်ခြင်း

ထာဝရဘုရားသည် အစာရှောင်ခြင်းနှင့်စပ်လျဉ်းပြီး မိန့်မှာထားခြင်း မရှိပါ။ သို့သော် ဆုတောင်းခြင်းအမှုအတွက် သီးသန့်အစာရှောင်ခြင်းကိုမူ ကျင့်သုံးလေ့ရှိကြသည်။

၁။ ပရောဖက်တို့မှ ခေါ်ဖိတ်ခြင်း

ယောလသည် အစာရှောင်ကြရန် ဖိတ်ခေါ်သော ပရောဖက် တစ်ပါး ဖြစ်သည် (ယောလ ၁း၁၄)။ အကြောင်းရင်းများမှာ-

က။ ထာဝရဘုရား၏နေ့ရက်ကို ကြောက်သည်။

ခ။ ထာဝရဘုရား၏နေ့ရက်သည် တရားစီရင်ခြင်းနေ့၊ ဖျက်ဆီးခြင်းနေ့ ဖြစ်သည်။

ဂ။ အလွန်ကြီးမားသော ဖျက်ဆီးခြင်းဘေး ကျရောက်ခံစားနိုင်မည့် အလားအလာကြောင့် ပရောဖက် ယောလသည် ပြည်သူ တစ်ရပ်လုံးတို့အား အစာရှောင်ဆုတောင်းရန် ဖိတ်ခေါ်သည်။

၂။ ဣသရေလအမျိုးတို့ ကျင့်သုံးသော အစာရှောင်ခြင်းလေးမျိုး (ဇာခရိ ၈း၁၉)

က။ စတုတ္ထလတွင် အစာရှောင်ခြင်း (ယေရုရှလင်မြို့ရိုးများ ဖျက်ဆီးခြင်းကို အောက်မေ့ရန်)။

ခ။ ပဥ္စမလတွင်အစာရှောင်ခြင်း(ဗိမာန်တော် ဖျက်ဆီးခြင်းကို အောက်မေ့ရန်)။

ဂ။ သတ္တမလတွင် အစာရှောင်ခြင်း (ဂေဒလိ အသတ်ခံခြင်းကို အောက်မေ့ရန်၊ ၄ရာ ၂၅း၂၅)။

ယ။ ဒသမလတွင် အစာရှောင်ခြင်း(ယေရုရှလင်မြို့၌ ဗာဗုလုန် ရှင်ဘုရင် နေဗုခဒ်နေဇာ၏ စတင်အုပ်စိုးခြင်းကို အောက်မေ့ရန်)။

သို့သော် ဤအမျိုးမျိုးသော အစာရှောင်ဆုတောင်းခြင်း နေ့ရက်များသည် အစဉ်အမြဲမှန်ကန် သော ဝိညာဉ်သဘောကို မဆောင်ကြ။ ထာဝရဘုရားသခင်သည် ထိုအစာရှောင်ခြင်း နေ့ရက်များကို ငြင်းပယ်ခဲ့သည် (ဟောရှာ ၅၈)။ အနည်းစုသာလျှင် အစာရှောင်ခြင်းကို မှန်မှန်ကန်ကန် ပြုလုပ် နိုင်ကြသည်။ မောရှေနှင့် သခင်ယေရှု တို့သည် မှန်ကန်စွာ အစာရှောင်နိုင်ကြသည်။

‘ထိုကာလပတ်လုံး အစာ အာဟာရကို သုံးဆောင်တော်မမူ’ (လုကာ ၄း၂)

အထူး အစာရှောင်ရသော ကာလ

မောရှေသည် ပညတ်တော်ဆယ်ပါးကို လက်ခံရယူရန် သိနာတောင်သို့ ခေါ်ဆောင်ခြင်းခံရသည်။ ဘုရားသခင်ရှေ့တော်၌ ရက်ပေါင်းလေးဆယ် နေခဲ့ရသည် (ထွက် ၂၄း၁၈)။ သခင်ယေရှုသည်လည်း တောအရပ် သို့သွားပြီး ဘုရားသခင်ရှေ့ မျက်မှောက်တော်၌ ရက်လေးဆယ် နေရသည်။ အကောင်းဆုံး ခန့်မှန်း၍ ရသောအချက်မှာ သခင်ယေရှုသည် ရက်လေးဆယ်လုံးလုံး ဘုရားသခင် ပေးတော်မူသော အမှုတော်နှင့်စပ်လျဉ်းပြီး ဆင်ခြင်နှလုံးသွင်း၊ ဆုတောင်းနေမည် ဖြစ်သည်။

၁။ ကြီးစွာသော အလင်း

သူသည် အမှောင်ထု၌ လင်းနေမည့် ကြီးစွာသော အလင်းဖြစ်သည် (ဟေရှာ ၉း၁-၂၊ မဿဲ ၄း၁၃-၁၇)။

၂။ ဒါဝိဒ်၏ သားတော်

သူသည် မထင်မရှား ဗျာဒိတ်ထားတော်မူသော ဘုရင် ('အတက်နှင့်အညွန့်' ဟုခေါ်သောသူ) ဖြစ်သည်(ဟေရှာ ၁၁း၁)။

၃။ ပဋိညာဉ်

သူသည် အသစ်သော ပဋိညာဉ်ကို ဆောင်ကြဉ်းပေးသူ ဖြစ်သည်(ဟေရှာ ၄၂း၇)။

၄။ ကြီးမားသော အမှုတော်

ကျွန်ုပ်တို့သည် ဘုရားသခင်က သခင်ယေရှုအား အပ်နှံထားသော အမှုတော်မြတ် အဘယ်မျှလောက်ကြီးမားသည်ကို အရိပ်အယောင်အားဖြင့်သာ သိနိုင်သည်။

က။ တပါးအမျိုးသားများအဖို့ အလင်းဖြစ်ရန် (ဟေရှာ ၄၂း၇)။

ခ။ ကန်းသောမျက်စိတို့ကို ဖွင့်ပေးရန် (ဟေရှာ ၄၂း၇)။

ဂ။ ချုပ်ထားသောသူတို့ကို လွှတ်ပေးရန် (ဟေရှာ ၄၂း၇)။

ဃ။ ဘုရားသခင်၏ ကျွန်ရင်း ဖြစ်ရန် (ဟေရှာ ၄၉း၅)။

င။ ယာကုပ်အမျိုးကို တစ်ဖန် အထံတော်သို့ ခေါ်ဆောင်လာရန် (ဟေရှာ ၄၉း၅)။

စ။ ဘုရားသခင်၏ ကယ်တင်ခြင်းကို လူတိုင်းအတွက် ပြုတော်မူရန် (ဟေရှာ ၄၉း၆)။

၅။ ကြီးမားသော ဆင်းရဲဒုက္ခများ

သခင်ယေရှုသည် လူသားတို့အား ဘုရားသခင်၏ ကယ်တင်ခြင်းကို မပေးနိုင်မီ ကြီးစွာသော ဆင်းရဲခြင်းအမျိုးမျိုးကို ရင်ဆိုင်ရသည်။

က။ မထီမဲ့မြင်ပြုခြင်းကို ခံရလိမ့်မည် (ဟေရှာ ၅၃း၃)။

ခ။ သူတစ်ပါးမျက်နှာလွှဲခြင်းကို ခံရလိမ့်မည် (ဟေရှာ ၅၃း၃)။

ဂ။ ကျွန်ုပ်တို့၏ လွန်ကျူးသောအပြစ်များကြောင့် နာကျင်စွာ ထိုးနှက်ခြင်းကို ခံရလိမ့်မည်(ဟေရှာ ၅၃း၅)။

ဃ။ ကျွန်ုပ်တို့၏ အပြစ်များကြောင့် နာကျင်စွာ နှိပ်စက်ခြင်း ခံရလိမ့်မည် (ဟေရှာ ၅၃း၅)။

င။ ရိုက်နှိုက်ခြင်း ဒဏ်ချက်များစွာကို ခံရလိမ့်မည် (ဟေရှာ ၅၃း၅)။

စ။ ညှဉ်းဆဲခြင်းနှင့် နှိမ်ချခြင်းကို ခံရလိမ့်မည် (ဟေရှာ ၅၃း၇)။

ဆ။ အသက်ရှင်သောသူတို့၏ နေရာမှ သုတ်သင်ခြင်းကို ခံရလိမ့်မည်(ဟေရှာ ၅၃း၈)။

သေးငယ်သော အမှုမဟုတ်

သခင်ယေရှု၏ လုပ်ငန်းသည် သေးငယ်သောအမှုမဟုတ်ပါ။ ခမည်းတော်ဘုရားသခင်ရှေ့မှောက်တော်၌ ရက်လေးဆယ်နေရခြင်းသည် မှန်သောဉာဏ်ပင် ဖြစ်သည်။

ထိုကာလ၌ သခင်ယေရှုသည် ကြီးမြတ်သော မိမိဘဝအသက်တာအတွက် ရာနှုန်းပြည့် ပြင်ဆင်နေမည် ဖြစ်သည်။ ပထမဆုံးအနေနှင့် စာတန်မာရ်နတ်၏ ဉာဏ်နီဉာဏ်နက်ကြီးကို အနိုင်ယူရမည်။ ခန္ဓာအားဖြင့် အားနည်းနေချိန်မှာလည်း

ထိုစာတန်ကို လုံး၀အလဲထိုးနိုင်ရမည်။ ဘုရား၏သားတော်ပီပီ စာတန် ကို အရှုံးမပေးဘဲ၊ အပြီးသတ် အနိုင်ယူရမည်။ သို့မှသာ၊ ခရစ်တော်သည် လောကတစ်ခုလုံး၏ ကယ်တင်ရှင်အဖြစ် မိမိ၏ အမှုတော်များကို စတင်အကောင်အထည် ဖော်ဆောင်ရမည် ဖြစ်သည်။

ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ . . . (မဿဲ ၄း၃)

စုံစမ်းသွေးဆောင်ခြင်းသုံးမျိုး

ခရစ်ဝင်ကျမ်းပြုစုသောရေးသားသူ ရှင်မဿဲနှင့် ရှင်လုကာ တို့သည် စုံစမ်းသွေးဆောင်ခြင်းသုံးမျိုးကို မှတ်တမ်း တင်ကြသည်။ စာတန်မာရ်နတ်သည် ခရစ်တော်ကို စုံစမ်း သွေးဆောင်ခြင်း သုံးမျိုး အားဖြင့်သာ သွေးဆောင်သည်မဟုတ်။ သို့သော်၊ ခရစ်ဝင်ကျမ်းများ၌ တွေ့ရသောစုံစမ်းသွေးဆောင်ခြင်း သုံးမျိုးသည် အလွန်အရေးပါသောကြောင့် မပျောက်ပျက်အောင် စာဖြင့်မှတ်တမ်းတင်ထိန်းသိမ်းရခြင်းဖြစ်သည်။

အစဉ်လိုက် မှတ်တမ်းတင်ခြင်း

ရှင်မဿဲနှင့်ရှင်လုကာတို့သည် စုံစမ်းသွေးဆောင်ခြင်း သုံးမျိုးကို အစဉ်လိုက် မှတ်တမ်းတင်ရာ၌ ခြားနားကြသည်။ ထိုသို့ မတူသောမှတ်တမ်းများကြောင့် စုံစမ်းသွေးဆောင်ခြင်း၏ အဓိပ္ပာယ်နှင့် လေးနက်မှု ခြားနားခြင်း တစ်စုံတစ်ရာမျှ မရှိပါ။

ပထမ စုံစမ်းသွေးဆောင်ခြင်း

ရှင်မဿဲနှင့်ရှင်လုကာတို့ နှစ်ဦးစလုံးသည် သခင်ခရစ်တော် ရက်ပေါင်းလေးဆယ် အစာရှောင်ပြီးနောက် သူ့အား စုံစမ်း သွေးဆောင်ရန် စာတန်ကအဘယ်သို့ ရှာကြံကြိုးစားသည်ကို ဖော်ပြလိုကြသည်။

၁။ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲနေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။ ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏ (မဿဲ ၄း၂-၃)။

က။ 'မွတ်သိပ်ခြင်းသို့ရောက်လေ၏'

(၁) အရက်လေးဆယ်လုံးလုံး အစားအစာ မသုံးဆောင်လျှင် မွတ်သိပ်မည်မှာ ဓမ္မတာပင် ဖြစ်သည်။

(၂) သခင်ယေရှုသည် လူ့ဇာတိကိုခံယူသောကြောင့်၊ သူသည်လည်း ဆာလောင်တတ်သည်။

(၃) သူကိုယ်တိုင်သည်လည်း ထိခိုက်နာကျင်တတ်သည်။

ခ။ 'ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍'

(၁) ရှင်မဿဲက စုံစမ်းသွေးဆောင်သောသူကို မာရ်နတ်ဟု ဖော်ပြခဲ့သည် (မဿဲ ၄း၁)။

(၂) ဤကျမ်းပုဒ်၌ကား 'စုံစမ်းသွေးဆောင်သောသူ' ဟု ခေါ် သည်။

(၃) စာတန်မာရ်နတ်သည် သခင်ယေရှု ခံစားနေရသော

မွတ်သိပ်ခြင်းကို စာနာနေသူအဖြစ် သရုပ်ဆောင်သော စုံစမ်းသွေးဆောင်သောသူ ဖြစ်သည်။

၂။ 'ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှါ အမိန့်ရှိတော်မူပါဟု လျှောက်လေ၏'

က။ ဤစုံစမ်းသွေးဆောင်ခြင်းသည် အလွန်ပင် ပါးနပ်စဉ်းလဲ၍၊ ပရိယာယ်များသည်။

ခ။ 'မှန်လျှင်' ဟူသောစကားလုံးသည် 'သောကြောင့်' ဟူသော အဓိပ္ပာယ် ရှိသည်။

ဂ။ စာတန်သည် သခင်ယေရှု၏ဘုရားသားဖြစ်ခြင်းကို သံသယရှိနေသည်မဟုတ်ဘဲ၊ သခင်ယေရှုသည် အမှန်ပင် ဘုရားသားဖြစ်သောကြောင့် ကျောက်ခဲတို့ကို မုန့်ဖြစ်စေလျက် မိမိ၏မွတ်သိပ်ခြင်းကို ဖြေရှင်းသင့်သည် ဟုဆင်ခြင် တွေးတောနေခြင်းသာ ဖြစ်သည်။

၃။ စာတန်သည် မည်သည့်အချက်ကို အမှန် စုံစမ်းသွေးဆောင်နေသနည်း။

ကျ။ သခင်ယေရှုသည် မည်သို့ တုံ့ပြန်မည်ကို စမ်းသပ်နေခြင်းဖြစ်သည်။

ခ။ စာတန် အကြံပေးသကဲ့သို့ သခင်ယေရှုသည် ခန္ဓာနှင့် အသွေးသား၏လိုအပ်ချက်များကိုဖြေရှင်းမည်လော။

ဂ။ ထိုသို့ဖြေရှင်းခဲ့လျှင် သခင်ယေရှုသည် သာမန်လူသားမျှသာ ဖြစ်လိမ့်မည်။

တစ်နည်းအားဖြင့်ဆိုသော်၊ စာတန်မာရ်နတ်၏ ကျော့ကွင်းကို သခင်ယေရှု နင်းမိ၍ ကျဆုံးလိမ့်မည်သာဖြစ်သည်။

'ကျမ်းစာလာသည်ဟု. . .'
(မဿဲ ၄း၄)

လျော်ကန်ပြီး တန်ခိုးပါသော တုန့်ပြန်မှု

သခင်ယေရှုသည် တိကျခိုင်မာစွာ တုန့်ပြန်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူနှင့်အတူ ရှိသည်။ ချစ်လှစွာသော ခမည်းတော်ဘုရားသခင်ရှေ့တော်၌ ရက်လေးဆယ်ပတ်လုံး နေခဲ့သည်။ လူထုနှင့်စပ်ဆိုင်သော အမှုတော်မြတ်အတွက် ပြင်ဆင်ရာ၌ သခင်ယေရှုသည် ကျမ်းစာများကို ဆင်ခြင်နှလုံးသွင်း နေခဲ့မည် မှာသေချာသည်။

**ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ
အသက်ကိုမွေးရမည် မဟုတ်။
ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်
အသက်ကိုမွေးရမည် ကျမ်းစာလာသည်ဟု
ပြန်ပြောတော်မူ၏
(မဿဲ ၄း၄)**

၁။ 'ယေရှုကလည်း၊ . . .'

က။ ယေရှုသည် တုန်လှုပ်ကြောက်ရွံ့ခြင်း လုံး၀ မရှိ။

ခ။ ယေရှုသည်တန်ခိုးသြဇာအာဏာအပြည့်နှင့် လျော်ကန်စွာတုန့်ပြန်ခဲ့သည်။

၂။ 'ကျမ်းစာလာသည်'

က။ သခင်ယေရှုသည် ကျမ်းစာများကို လက်ခံယုံကြည်သည်။

ခ။ သူသည် ကျမ်းစာရှိသမျှတို့ကိုလည်း ကောင်းစွာ အကျွမ်းဝင်သည်။

ဂ။ ကျမ်းပိုဒ်များစွာကိုလည်း အလွတ်ကျက်မှတ်မည်မှာ သေချာသည်။

ဃ။ ဘုရားသခင်ကိုယ်တိုင်က ထိုကျမ်းစာတို့ကို ပေးသနားတော်မူသည်။

င။ ကျမ်းစာ၏သွန်သင်ချက်များသည် လက်ရှိအခြေအနေနှင့် အမြဲအပ်စပ်မှု ရှိသည်။

စ။ နှုတ်ကပတ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ဓားပင် အမှန်ဖြစ်သည် (ဧဖက် ၆း၁၇)။

ဆ။ နှုတ်ကပတ်တော်သည် ရှင်သန်လျက် တန်ခိုးရှိသည် (ဟေဗြဲ ၄း၁၂)။

ဇ။ သခင်ယေရှုသည် စာတန်ကို တိုက်လှန်ရာ၌ ကျမ်းစာကို အသုံးပြုသည်။

၃။ 'လူသည်မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်'

က။ လူမှန်လျှင် ခန္ဓာလိုအပ်ချက်များကို ဖြည့်ဆည်းရမည်ဖြစ်သည်။

ခ။ ဆာလောင်မွတ်သိပ်ခြင်းပြဿနာကိုလည်း ဖြေရှင်းရမည်ဖြစ်သည်။

ဂ။ သို့သော် ဆာလောင်မှုကို ဖြေရှင်းခြင်းဖြင့်သာ ဘဝကို တည်ဆောက်သည် မဟုတ်။
ဃ။ အကြောင်းမှာ- လူသည် စားရန်၊ သောက်ရန်သာ အသက်ရှင်သည် မဟုတ်။

၄။ 'ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်'

က။ လူသည် ဘုရားနှုတ်ကပတ်တော်အားဖြင့် အသက်ရှင်ရမည်။ သခင်ယေရှုသည် တရား ၈း၃ ကို ကိုးကားသည်။
ခ။ ဘုရားသခင်သည် သူ၏လူမျိုးတော်တို့ကို သူ့၏နှုတ်ထွက်စကားများအား အကြွင်းမဲ့နာခံလာရန်ဆုံးမသွန်သင်ခဲ့သည်။
ဂ။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားများကို မနာခံကြသော်လည်း၊ သခင်ယေရှုသည် ဘုရားသခင်၏မိန့်တော်မူသမျှကို နာခံမည်ဖြစ်သည်။
ဃ။ သခင်ယေရှုသည် စာတန်၏စကားကို ကျောခိုင်းကာ၊ မိမိခန္ဓာ၏ လိုအပ်ချက်များ စေရာကိုမလိုက်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်သည်။

'ဘုရားသခင်၏သားတော် ...'
(မဿဲ ၄း၃)

ဘုရားသခင်၏သားတော် ယေရှု

သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်။ ဤသည်ကား သခင်ယေရှုဗတ္တိဇံခံစဉ် ခမည်းတော်ကိုယ်တိုင်

အတည်ပြုဖော်ပြသောအချက်ပင် ဖြစ်သည်။

ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ့ချစ်သားပေတည်းဟု ကောင်းကင်ကအသံတော်ဖြစ်လေ၏ (မဿဲ ၃း၁၇)

သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို တမန်တော်ယောဟန်သည် အကျယ်တဝင့် ရေးသားခဲ့သည်။ ယောဟန်ရေးသော ခရစ်ဝင်ကျမ်းမှ အောက်ပါအချက်များသည် မှတ်သားအပ်ပေသည်။

၁။ သခင်ယေရှုသည်လောကကို ကယ်တင်ရန် စေလွှတ်ခြင်း ခံရသော ဘုရားသခင်၏ တစ်ဦးတည်းသော သားတော်ဖြစ်သည် (ယောဟန် ၃း၁၆-၁၈)။

၂။ နောက်ဆုံးသောနေ့၌ သေသောသူများနှင့်အသက်ရှင်လျက်ရှိနေသောသူအပေါင်းတို့အား တရားစီရင်မည့် အစိုးရသော ဘုရားသခင်၏သားတော်ဖြစ်သည် (ယောဟန် ၅း၂၅-၃၀)။

၃။ သခင်ယေရှုသည် အသက်ရှင်သော ဘုရားသခင်၏သားတော်၊ မေရှိယ (ခရစ်တော်) ပင်ဖြစ်သည်(ယောဟန် ၆း၆၉)။

၄။ ဘုရားသခင်၏သားတော်ဖြစ်ခြင်း၌၊ သခင်ယေရှုနှင့် သူ၏ခမည်းတော်ဘုရားသခင်တို့သည်တစ်လုံးတစ်ဝတည်း ဖြစ်ကြသည် (ယောဟန် ၁၀း၃၀)။

၅။ သခင်ယေရှုသည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းကို လုယူခြင်းအမှုဟု မထင်မမှတ် (ဖိလိ ၂း၆)။

လူ၏သားတော် သခင်ယေရှု

သခင်ယေရှုသည် လူ၏သားတော်လည်း ဖြစ်သည်။ ဤအချက်သည်လည်း ကယ်တင်ခြင်းနှင့် စပ်လျဉ်းသော ဘုရားသခင်၏ အကြံအစည်တော်နှင့် ဆက်နွယ်လျက် ရှိသည်။

၁။ လူ့ဇာတိကို ခံယူပြီးကာ၊ အသက်ရှင်သော နှုတ်ကပတ်တော်သည် ရာနှုန်းပြည့် လူသားဖြစ်လာသည် (ယောဟန် ၁း၁၄)။

၂။ လူကဲ့သို့သော ဖွားမြင်ခြင်းကို ခံကာ၊ သခင်ယေရှုသည် မိမိကိုယ်ကို နှိမ့်ချတော်မူသည် (ဖိလိ ၂း၇-၈)။

၃။ ရက်လေးဆယ် အစာအာဟာရ မသုံးဆောင်သောအခါ၊ သခင်ယေရှုသည် လူသားဖြစ်သည့် အားလျော်စွာ ဆာလောင်ခြင်းဝေဒနာ ခံစားရသည်။

၄။ ထိုသို့ လူသားဖြစ်သောကြောင့်၊ သခင်ယေရှုသည်

က။ ကျောက်ခဲကို မုန့်အဖြစ် ပြောင်းလဲခွင့် မရှိ။

ခ။ ဘုရားသခင်အား နာခံအပ်သော အခွင့်သာ ရှိသည်။

ဂ။ ဘုရားသခင်ရှေ့တော်၌နှိမ့်ချစွာ အသက်ရှင်ရမည်ဖြစ်သည်။

ဃ။ ကျောက်ခဲများကို မုန့်အဖြစ်ပြောင်းလဲရန် ဘုရားသခင်မိန့်မှာထားခြင်း မရှိသောကြောင့် သခင်ယေရှုသည် ထိုသို့လုပ်ဆောင်ခွင့် မရှိ။

င။ သခင်ယေရှုသည်ဘုရားသခင်၏သားတော်အဖြစ် ရရှိသော အခွင့်အာဏာတန်ခိုးကိုအလွဲသုံးစားခြင်း မပြုနိုင်။ ထို့ကြောင့် ကျောက်ခဲများကို မုန့်အဖြစ် မပြောင်းလဲချေ။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ခြင်း

သခင်ယေရှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျေညက်စွာသိကျွမ်းသည်။ (တရားဟောရာကျမ်း ၈း၁-၃)ကို လေ့လာခြင်းဖြင့် များစွာသော သင်ခန်းစာ ရရှိနိုင်သည်။ သခင်ခရစ်တော်ကိုယ်တိုင်လည်း ထိုကျမ်းချက်ကို အခြေပြုပြီး စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို တိုက်လှန်ခဲ့သည်။

၁။ စကားလုံးတိုင်းကို သေချာစွာ (သတိကြီးစွာ) လေ့လာရမည် (တရား ၈း၁)။

၂။ လက်တွေ့ဘဝ၌ ဘုရားစကားကို နာခံလိုသော စိတ်ရှိသည် မရှိသည်ကို ဖော်ထုတ်ရန် လူတို့သည် စုံစမ်းခြင်းကို ခံရမည် (တရား ၈း၂)။

၃။ ဘုရားသခင်၏ပညတ်ချက်များအား နာခံလိုက်လျှောက်ခြင်း ရှိမရှိ သိနိုင်ရန် လူတို့သည် တစ်ခါတစ်ရံ စုံစမ်းခြင်းကို ခံရသည် (တရား ၈း၃)။

၄။ လူသည်လည်း ဘုရားသခင်၏နှုတ်ထွက်စကားအားဖြင့် အသက်ရှင်ရမည် ဖြစ်သည် (တရား ၈း၃)။

၅။ လူ၏သားတော်သည်လည်း ဤပညတ်ချက်နှင့်အညီ၊ ဘုရားသခင်၏နှုတ်ထွက်စကားအားဖြင့် အသက်ရှင်မည် ဖြစ်သည် (မဿဲ ၄း၄)။

၆။ သခင်ယေရှုသည် သူ၏ခမည်းတော်ကို အလွန်ချစ်တော်မူ၍၊ ခမည်းတော်၏ နှုတ်ထွက်စကားတိုင်းပင် အမြဲ ရွေးချယ်လိုက်လျှောက်မည်ဖြစ်သည် (မဿဲ ၄း၄)။

‘ထိုအခါ မာရ်နတ်သည် ယေရှုကို
သန့်ရှင်းသောမြို့တော်သို့ . . .’
(မဿဲ ၄း၅)

နောက်ထပ် စုံစမ်းသွေးဆောင်ခြင်း

ကျောက်ခဲများကို မုန့်အဖြစ်ပြောင်းလဲစေရန် သွေးဆောင်ရာ၌ မအောင်မြင်မှုန်း စာတန်မာရ်နတ် သိသောအခါ၊ သခင်ယေရှုကဲ့သို့ပင် ကျမ်းစာကို ကိုးကားပြီး စုံစမ်းသွေးဆောင်ရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့ ကျမ်းစာကို ကိုးကားခြင်းအားဖြင့် သွေးဆောင်နိုင်ရန် သခင်ယေရှုကို ယေရုရှင်လင်မြို့၌ ရှိသော သန့်ရှင်းသောဗိမာန်တော်ထိပ်သို့ ခေါ်ဆောင်သွားသည်။

ထိုအခါ မာရ်နတ်သည် ယေရှုကို
သန့်ရှင်းသောမြို့တော်သို့ ဆောင်သွား၍
ဗိမာန်တော်၏အထွဋ်၌ တင်ထားပြီးလျှင်၊
ကျမ်းစာလာသည်ကား၊ ကောင်းကင်တမန်တို့အား
သင်အဘို့မှာ ထားတော်မူသည်ဖြစ်၍၊ သင်၏ခြေကို
ကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည်သင့်ကို
လက်နှင့်မစချီပင့်ကြလိမ့်မည်ဟု လာ၏။ ထိုကြောင့်
ဘုရားသခင်၏သားတော်မှန်လျှင်
ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါဟု လျှောက်လေ၏
(မဿဲ ၄း၅-၆)။

၁။ မြင်ကွင်းနောက်ခံ

က။ ဗိမာန်တော်၏အထွတ်

ခ။ ထိုဗိမာန်တော်သည် ကေဒြုန်ချိုင့်ဝှမ်းအထက် အဆောက်အဦး ၄၅ ထပ်ခန့်ရှိသော အမြင့်၌ တည်ရှိသည်။

၂။ 'ကျမ်းစာလာသည်ကား'

က။ စာတန်သည် မကြောက်မရွံ့ဘဲ ကျမ်းစာကို ကိုးကားသည်။

ခ။ မာရ်နတ်သည် သမ္မာကျမ်းစာနှင့်စပ်လျဉ်းပြီး ဗဟုသုတရှိသည်။

ဂ။ စာတန်မာရ်နတ်သည် ဆာလံ ၉၁း၁၁-၁၂ မှ ကျမ်းစကားကို ကိုးကားသည်။

၃။ မာရ်နတ်၏ကျမ်းကိုးကားချက်

က။ အဓိပ္ပာယ်သက်ရောက်ခြင်း မရှိသောအချက်များမှာ-

(၁) သမ္မာကျမ်းစာကို ယုံကြည်လက်ခံခြင်း၊

(၂) သခင်ခရစ်တော်ကို အကူအညီပေးခြင်း၊တစ်နည်းအားဖြင့် သခင်ယေရှုအား ကောင်းကင်တမန်များမှ ကာကွယ်စောင့်ရှောက်မည့်ကတိကို သတိပေးနေခြင်း။

ခ။ အဓိပ္ပာယ်သက်ရောက်ခြင်း ရှိသောအချက်များမှာ-

(၁) သမ္မာကျမ်းစာကို သခင်ယေရှု အဘယ်မျှလောက်သိကျွမ်းသည်ကို စာတန်မာရ်နတ်သိလိုသည်။

(၂) သမ္မာကျမ်းစာကို သခင်ယေရှုသည် မိမိအသက်တာ၌ မည်သို့ အသုံးပြုမည်ကို စာတန်မာရ်နတ် သိလိုသည်။

(၃) စာတန်သည် သခင်ယေရှုအား ဘုရားသခင်၏သား

တော်အဖြစ် ပိုင်ဆိုင်သော မိမိ၏အခွင့်အာဏာနှင့် တန်ခိုးကို အလွဲသုံးစားပြုရန် စုံစမ်းသည်။

၄။ ကောင်းကင်တမန်များ၏ အမှုတော်မြတ်

က။ သခင်ယေရှုအား အနီးကပ် စောင့်ရှောက်သည်။

ခ။ သခင်ခရစ်တော်နှင့် အနီးကပ်ဆုံး နေကြသည်။

ဂ။ ဗိမာန်တော်ထိပ်မှ သခင်ယေရှု ခုန်ချခဲ့လျှင် ကောင်းကင်တမန်များသည် သူ့အား မစကြမည်လား။ လုံး၀ မစကြမည် မဟုတ်။

'ကျမ်းစာလာပြန်သည်ဟု ...'
(မဿဲ ၄း၇)

သခင်ယေရှုထံမှ လျင်မြန်ပြီး ခိုင်ခံ့သော တုန့်ပြန်ချက်

သခင်ယေရှုသည် စာတန်၏ပရိယာယ်ကို ချက်ချင်းရိပ်မိသည်။ သခင်ယေရှုသည် စာတန်ကို တည်ငြိမ်စွာ၊ အခွင့်အာဏာ အပြည့်နှင့် ပြန်ဖြေကြားသည်။

ယေရှုကလည်း သင်၏ဘုရားသခင်ထာ၀ရဘုရားကို သင်သည်အစုံအစမ်းမပြုရဟု ကျမ်းစာလာပြန်သည်ဟု မိန့်တော်မူ၏ (မဿဲ ၄း၇)။

၁။ 'ကျမ်းစာလာပြန်သည် ...'

က။ စာတန်သည် အခြေခံအမှားတစ်ခု ပြုမိသည်။

ခ။ သခင်ယေရှုသည် ထိုအမှားကို အမိအရ သိနေသည်။
(၁) သမ္မာကျမ်းစာသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေခြင်း မရှိ။
(၂) သခင်ဘုရားကိုယ်တိုင်သည် သမ္မာကျမ်းစာရေးသားသူ ဖြစ်သည်။
(၃) စာတန်၏အကြံပေးချက်အတိုင်း သခင်ယေရှု ပြုခဲ့ပါက၊ ကျမ်းစာ၏သွန်သင်ချက်များသည် ရှေ့နောက်မညီဘဲ အချင်းချင်း ဆန့်ကျင်နေကြမည် ဖြစ်သည်။

၂။ 'သင်၏ဘုရားသခင်ထာဝရဘုရားကို သင်သည်အစုံအစမ်းမပြုရ . . .'
 က။ ဤအချက်သည် အခြေခံ ခံယူချက်များမှ တစ်ခု ဖြစ်သည်။
ခ။ လူသည် မိမိ၏ဘုရားသခင်ထာဝရဘုရားကို မည်သည့်အခါမျှအစုံအစမ်း မပြုရပါ။
ဂ။ ဗိမာန်အထွတ်အထိပ်မှ ခုန်ချခြင်းအမှုသည် ဘုရားသခင်အား စုံစမ်းရာရောက်မည် ဖြစ်သည်။

၃။ ကောင်းကင်တမန်များ၏ အမှုတော်
က။ ဘုရားသခင်၏အမှုကို ဆောင်ကြသည်။
ခ။ ဘုရားသခင်၏စေခိုင်းသမျှတို့ကို လုပ်ဆောင်ကြသည်။
ဂ။ ဘုရားသခင်၏သားသမီးများကို အမှန်တကယ်မစကြမည်ဖြစ်သည်။

၄။ ကောင်းကင်တမန်များမှ (ဘုရားသခင်၏သားသမီးများအား) မစရန် မလိုအပ်သော အခြေအနေများ ရှိသည်။ ၎င်းတို့မှာ-
ကျွန်ုပ်တို့သည်

က။ မိမိကိုယ်တိုင် ဒုက္ခအန္တရာယ်ရှိရာသို့ မိုက်မဲ့စွာ ဦးတည်သောအခါ။

ခ။ မိမိတို့၏ထင်မြင်ယူဆချက်များကိုရှေ့တန်း တင်သောအခါ။

ဂ။ ဘုရားသခင်၏အလိုတော်ကိုသိလျက်နှင့် ဆန့်ကျင်နေသောအခါ။

ဃ။ ဗိမာန်၏ထိပ်ဖျားမှခုန်ချခြင်းသည် ဘုရားသခင်၏ အလိုတော်နှင့် လုံးဝ ဆန့်ကျင်နေမည်မှာသေချာသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိကျွမ်းခြင်း

သခင်ယေရှုသည် ဘုရားသခင်၏နှုက်ကပတ်တော်ကို လွန်စွာ သိကျွမ်းသည်။ သူ၏ နှုတ်ကပတ်တော်ကို သိကျွမ်းခြင်းနှင့်ဆိုင်သော အသိပညာသည် လွန်စွာမှ နက်ရှိုင်းလျက်ရှိသည်။ သူ၏နည်းကို အကျွန်ုပ်တို့ ခံယူသင့်ပေသည်။

၁။ သမ္မာကျမ်းစာကို ယေဘုယျမျှသာ နားလည်ခြင်းသည် မလုံလောက်ပေ။

၂။ ဘုရားသခင်၏နှုတ်ထွက်စကားများကို နက်ရှိုင်းစွာ၊ တိကျပြတ်သားစွာ နားလည်ရမည်။

၃။ ဘုရားသခင်အား ကြောက်ရွံ့ခြင်းသည် မိမိ စိတ်နှလုံး အတွင်းထဲသို့ စိမ့်ဝင်စေရမည်။ သို့မှသာလျှင်၊ ဘုရားသခင် ထာဝရဘုရားကို အစုံအစမ်း မပြုဘဲနေမည်ဖြစ်သည်။

‘ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည်ဖြစ်၍၊ ကာလအစဉ်အမြဲတည်၏ . . .’ (ဆာ ၁၉း၉)

သမ္မာကျမ်းစာ၏သွန်သင်ချက်များတစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသယောင်ရှိသောအခါ

စာတန်က သမ္မာကျမ်းစာကို ကိုးကားပြီး သခင်ယေရှုကို စုံစမ်းသွေးဆောင်သည်။ သခင်ခရစ်တော်ကလည်း အခြားကျမ်းပိုဒ် တစ်ခုကို ကိုးကား၍ ပြန်ခုခံသည်။သမ္မာကျမ်းစာ၏ သွန်သင်ချက်များ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသကဲ့သို့ ဖြစ်သော အခါ ကျွန်ုပ်တို့ မည်သို့လုပ်ဆောင်သင့်သနည်း။ အောက်ဖော်ပြပါ ကျမ်းစကားကို လေးနက်စွာ ဆင်ခြင်ကြရမည်ဖြစ်သည်။

ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည်ဖြစ်၍၊ ကာလအစဉ်အမြဲတည်၏။
ထာဝရဘုရား၏စီရင်တော် မူချက်တို့သည်
သစ္စာတရားနှင့် ညီ၍၊ တညီတညွတ်တည်း
ဖြောင့်မတ်ကြ၏။ -
ရဲရင့်သောဒုစရိုက်ကိုလည်း ကိုယ်တော်၏ ကျွန်သည်
မပြုရမည်အကြောင်း ဆီးတားတော်မူပါ။
ဒုစရိုက်အပြစ်သည် အကျွန်ုပ်ကို အစိုးမရပါစေနှင့်။
ထိုသို့သောအားဖြင့် အကျွန်ုပ်သည် ဖြောင့်မတ်ခြင်းရှိ၍၊
ကြီးစွာသောပြစ်မှားခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်။
(ဆာလံ ၁၉း၉၊၁၃)

၁။ **'ထာ၀ရဘုရားကို ကြောက်ရွံ့ခြင်းသဘော'**

က။ သခင်ယေရှု၌ ထာ၀ရဘုရားကို ကြောက်ရွံ့ခြင်းသဘော ရှိ သည်။

ခ။ လူသားတော်အဖြစ် သခင်ယေရှုသည် 'ထာ၀ရဘုရားအား ကြောက်ရွံ့ခြင်း' ကို ကျင့်သုံးသည်။

ဂ။ ထို့ကြောင့် သေချာသည်မှာ သခင်ယေရှုသည်

(၁) ဘုရားသခင်၏နှုတ်ထွက်စကားများအားဖြင့်သာ အသက်ရှင်မည် ဖြစ်သည်။

(၂) ဘုရားသခင်ထံမှ စကားတစ်လုံးမျှတိုက်ရိုက် မရရှိဘဲ၊ သူ့သဘောအတိုင်း မည်သည့်အမှုကိုမျှ လုပ်ဆောင်ခြင်းပြုမည် မဟုတ်။

(၃) ဗိမာန်တော်၏ထိပ်မှ ခုန်ချရန်သော်လည်းကောင်း၊ ခုန်ချသင့်ကြောင်းသော်လည်းကောင်း၊ ဘုရားသခင်ထံတော်မှ စကားတစ်လုံးတစ်လေမျှ မရသောကြောင့် လုံး၀ခုန်ချမည် မဟုတ်။

၂။ **'ရဲရင့်သော ဒုစရိုက်'**

က။ ဗိမာန်တော်၏ထိပ်ဖျားမှ ခုန်ချခြင်းအမှုသည် မိမိကိုယ်ကို အထင်ကြီးလွန်ကဲခြင်း၏ရလဒ်ဖြစ်သည်။ ထို့ကြောင့် ၄င်းကို 'ရဲရင့်သောဒုစရိုက်' ဟုခေါ်သည်။

ခ။ ထိုသို့သော အပြစ်များမှ ဘုရားသခင်၏ကျွန်များ ကင်းလွတ်ကြမည်အကြောင်း ကျွန်ုပ်တို့ ဆုတောင်းသင့်ပေသည်။

၃။ **'ဒုစရိုက်အပြစ်သည် အကျွန်ုပ်ကို အစိုးမရပါစေနှင့်'**

ကျ။ အပြစ်၏သဘောသဘာဝသည် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းသာ မဟုတ်။

ခ။ အပြစ်သည် နောက်ဆုံး၌ ဒုစရိုက်ကျူးလွန်နေသူကို အပိုင်စီးအုပ်စိုးသွားမည် ဖြစ်သည်။

ဂ။ ပညာရှိသည် မိမိကိုယ်ကို စိတ်ကြီးဝင်ရာမှ ဖြစ်တတ်သော ဒုစရိုက်များကို ရှောင်ကြဉ်တတ်သည်။

၄။ **'ထိုသို့သောအားဖြင့် အကျွန်ုပ်သည် ဖြောင့်မတ်ခြင်းရှိ၍'**

က။ အားလုံး၌ ရှိအပ်သော စိတ်ဆန္ဒ ဖြစ်သည်။

ခ။ သခင်ယေရှုသည် ထာဝရဘုရားသခင်ရှေ့တော်၌ အပြစ်ကင်း၊ ဖြောင့်မတ်သောသူ ဖြစ်နေရန် အပတ်တကုတ်ကြိုးစားအားထုတ် နေမည်မှာ အသေအချာ ပင်ဖြစ်သည်။

၅။ **'ကြီးစွာသောပြစ်မှားခြင်းနှင့် ကင်းလွတ်ပါလိမ့်မည်'**

က။ ဤဆန္ဒကို ပိုင်ဆိုင်လိုခြင်းသည်လည်း မွန်မြတ်လှပေသည်။

ခ။ အပြစ်ကြောင့်ဖြစ်သော ရှက်စိတ်နှင့် ကင်းလွတ်ခြင်း၊

ဂ။ ကြီးစွာသောပြစ်မှားကျူးလွန်ခြင်းမှ ကင်းလွတ်ခြင်း စသည်တို့သည် မြင့်မြတ်သောမင်္ဂလာဖြစ်သည်။

'တဖန်မာရ်နတ်သည်ရဘုန်းစည်းစိမ်ကို ...'
(မဿဲ ၄း၈-၉)

အောင်မြင်မှုမရသော ကြိုးပမ်းအားထုတ်မှုနှစ်ရပ်

စာတန်မာရ်နတ်သည် သခင်ယေရှုကို စုံစမ်းသွေးဆောင်ရန်နှစ်ကြိမ်နှစ်ခါ ကြိုးပမ်းအားထုတ်ခဲ့သည်။ သို့သော်လည်း၊ သူသည် နှစ်ကြိမ်နှစ်ခါစလုံး ရှုံးနိမ့်ခဲ့ရသည်။ သခင်ယေရှုသည် စာတန်၏စုံစမ်းသွေးဆောင်မှုကို ကြံ့ကြံ့ခံ ခုခံခဲ့သည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် သခင်ယေရှု၏အသက်တာတစ်ခုလုံးကို ရာနှုန်းပြည့် စိုးမိုးနေခဲ့သည်။ ထို့ကြောင့် စာတန်သည် သခင်ယေရှုကိုထိုနှုတ်ကပတ်တော်မှ အနည်းငယ်လွဲချော်ရန်မည်သည့်နည်းနှင့်မျှ သွေးဆောင်၍မရချေ။

တတိယ ကြိုးပမ်းအားထုတ်မှု

စာတန်သည် ဤတစ်ကြိမ်၌ သခင်ယေရှုကိုယ်တိုင်က ငြင်းပယ်ရန် ခက်ခဲမည်ဟု ထင်မြင်ယူဆထားသော အရာကို အကြောင်းပြု၍ စုံစမ်းသွေးဆောင်ခဲ့သည်။

တဖန်မာရ်နတ်သည် ယေရှုကို
အလွန်မြင့်လှသောစွာသော တောင်ပေါ်သို့ဆောင်သွား၍၊
ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငှင်း၊
ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငှင်းပြ၍၊-
ကိုယ်တော်သည် ငါ့ကိုညွတ်ပြပ်ကိုးကွယ်လျှင်
ယခုပြလေသမျှတို့ကို ငါပေးမည်ဟု ဆိုလေ၏
(မဿဲ ၄း၈-၉)

၁။ 'တဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်လှစွာသော တောင်ပေါ်သို့ဆောင်သွား၍'

က။ ထိုသို့ မြင့်ရာသို့ ဆောင်သွားခြင်းမှာ တိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကို ထင်ရှားစွာ မြင်နိုင်ရန်ဖြစ်သည်။

ခ။ ထိုအချိန်က ရောမမြို့သည် ခမ်းနားကြီးကျယ်လျက် ဘုန်းကျက်သရေနှင့် ပြည့်စုံခဲ့သည်။

ဂ။ ရောမမြို့ကဲ့သို့ပင်လူတို့၏စိတ်ကို နူးညွတ်စေနိုင်သော အခြား တိုင်းနိုင်ငံများလည်း ရှိမည်ဖြစ်သည်။

၂။ 'ဤလောက၌ ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငင်းပြ၍'

က။ သခင်ယေရှုသည် သူမြင်လိုက်ရသော အရာများ၏ ဖမ်းစားခြင်းကို ခံရလိမ့်မည်ဟု စာတန် ခန့်မှန်းယူဆခဲ့မည် ဖြစ်သည်။

ခ။ လောက၌ ရှိသော တိုင်းနိုင်ငံများ၏ ဘုန်းစည်းစိမ်တို့သည် လူအများစုအတွက် ပိုင်ဆိုင်လိုစိတ် (လောဘတက်လိုစိတ်)ဖြစ်စေမည် ဖြစ်သည်။

ဂ။ လောကကမ္ဘာကို အုပ်စိုးခဲ့သော ကမ္ဘာ့ခေါင်းဆောင်များ တစ်ချို့မှာ-

(၁) မဟာ အလက်(စ်)ဇင်းဒါး (Alexander the Great)

(၂) အာဒွါ(ဖ်) ဟစ်တလာ (Adolf Hitlar)

(၃) နပိုလီယံန် ဘိုနာပတ် (Napoleon Bonaparte)

ဃ။ ဤခေါင်းဆောင်များသည် ကမ္ဘာကို ချုပ်ကိုင်အုပ်စိုး

သောသူများ ဖြစ်လာရန် ရည်ရွယ်လျက် နိုင်ငံငယ်များကို စစ်ချီတိုက်ခိုက်ခဲ့ကြသည်။

င။ သို့သော် ဤခေါင်းဆောင်တိုင်းသည် မိမိအလှည့်ရောက်သောအခါ ဆုံးရှုံးမှုများနှင့် သေဆုံးခဲ့ကြရသည်။

စ။ မည်သို့ပင်ဖြစ်စေကာမူ၊ ဘုန်းစည်းစိမ်ကို ပိုင်ဆိုင်ခြင်းသည်လူအများစုကို ယခုလက်ရှိအချိန်၌လည်း ဖြားယောင်း သွေးဆောင်လျက် ရှိနေသည်။

၃။ 'ယခုပြလေသမျှတို့ကို ငါပေးမည်'

က။ ကတိပေးသည့်အတိုင်း စာတန် ဆောင်ရွက်နိုင်သလား။

ခ။ သို့မဟုတ်၊ ဤအချက်သည် ဖြားယောင်းသွေးဆောင်ခြင်းသက်သက်ဖြစ် နေသလား။

၄။ 'ကိုယ်တော်သည် ငါ့ကိုညွတ်ပြပ်ကိုးကွယ်လျှင်'

က။ ဤအချက်သည် စာတန်၏အစွယ်ပင် ဖြစ်သည်။ ဖုံးကွယ်နေခဲ့သော်လည်း နောက်ဆုံး၌ အတိအလင်း ထုတ်ဖော်လျက် ရှိသည်။

ခ။ ဘုရားအဖြစ် ကိုးကွယ်ခြင်းခံရရန် စာတန်မာရ်နတ်အလိုရှိသည်။

'သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်...' (မဿဲ ၄း၁၀)

တည်ကြည်ခိုင်ခံ့၍ မြန်ဆန်သော တုံ့ပြန်ချက်

သခင်ယေရှုသည် တုံ့ဆိုင်းခြင်း မရှိဘဲ စာတန်၏စုံစမ်း

သွေးဆောင်ခြင်းကို ချက်ချင်းတုန့်ပြန်လိုက်သည်။ စာတန်၏ အကြံအစည်ကို သခင်ယေရှုသည် 'အရိပ်ပြ အကောင်မြင်' ဆိုသည့်အလား သိတော်မူသည်။

ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏ (မဿဲ ၄း၁၀)

၁။ 'အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့'

က။ ဤသည်ကား ဆုံးမစကားပင် ဖြစ်သည်။

ခ။ သခင်ယေရှုသည် မာရ်နတ် 'စာတန်' ကိုကာ ဆက်ဆံသည်။

ဂ။ သခင်ယေရှုသည် စာတန်၏စုံစမ်းသွေးဆောင်ခြင်းကို ချက်ချင်းပင် ပယ်ချတော်မူသည်။

ဃ။ စာတန်၏စုံစမ်းသွေးဆောင်ခြင်းသည် ဆင်ခြင်ကြည့်ရန်ပင် လုံးဝ မထိုက်တန်ပေ။

၂။ 'ကျမ်းစာလာသည်'

က။ သခင်ယေရှု နောက်တစ်ကြိမ် ကျမ်းစာကိုးကားသည်ကို တွေ့ရသည်။

(၁) ကျမ်းစာသည် အခွင့်အာဏာအတွက် ဖြစ်သည်။

(၂) ကျမ်းစာသည် သွန်သင်ခြင်းအတွက်လည်း ဖြစ်သည်။

(၃) လူသည် ဘုရား၏နှုတ်ထွက်စကားအားဖြင့် အသက်ရှင် ရမည်။

ခ။ သခင်ယေရှုသည် ကျမ်းစာကို ဆက်လက် (နောက်နောင်မှာလည်း) ကိုးကားနေဦးမည်။

ဂ။ ထိုကျမ်းစာ၌ ဘုရားသခင် ကြိုတင်ထုတ်ဖော်ထားသော အလိုတော် ရှိသည်။

၃။ 'သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်'

က။ ပထမပညတ်တော်အရ၊ အခြားသောဘုရား မရှိရ၊ မကိုးကွယ်ရ (တရား ၅း၇)။

(၁) သခင်ယေရှုသည် စာတန်ကို မည်သည့်အခါမှ ဒူးထောက် ကိုးကွယ်မည် မဟုတ်။

(၂) ကိုးကွယ်ရမည့်ဘုရားသခင် တစ်ပါးတည်းသာ ရှိသည်။

ခ။ ထိုဘုရားသခင်သည် 'သင်၏ဘုရားသခင်ထာဝရဘုရား' ဖြစ်သည်။

(၁) သူသည် တစ်လောကလုံး၌ ဘုရားသခင် ဖြစ်သည်။

(၂) သူသည် စာတန်ကိုယ်တိုင် ဒူးထောက်ကိုးကွယ်ရမည့် ထာဝရဘုရားသခင် ဖြစ်သည်။

၄။ 'ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်'

က။ ကိုးကွယ်ဝတ်ပြုခြင်းနှင့် အစေခံခြင်းတို့သည် ဆက်စပ်နေသည်။

ခ။ သခင်ခရစ်တော်၏အမြင်အရ၊ ကိုးကွယ်ဝတ်ပြုခြင်းနှင့်

အနာခံ၍ အစေခံခြင်းသည် ငွေအသပြာတစ်ချပ် ၏ နှစ်ဖက်သောမျက်နှာကဲ့သို့ သီးခြားစီ ခံယူ၍ မရပါ။

ဂ။ သခင်ယေရှုသည် ထာဝရဘုရားသခင်အား ကိုးကွယ်ဝတ်ပြုလျက် အစေခံနေမည် ဖြစ်သည်။

ဃ။ ထာဝရဘုရားသခင်အား ကိုးကွယ်ခြင်းနှင့် သူ၏အစေကို ခံခြင်းအမှုထက် မြင့်မြတ်သော စည်းစိမ်သည် လောကတိုင်း နိုင်ငံတို့၌ မရှိ။ ထိုဘုရားသခင်အား ကိုးကွယ်ဝတ်ပြုခြင်းနှင့် သစ္စာရှိစွာ အစေခံခြင်းအား အစားထိုးထိုက်သော အခြားဘုန်းစည်းစိမ် မရှိပါ။

'. . . သင်၏ဘုရားသခင်ထာဝရဘုရား. . .' (တရား ၁၀း၁၇)

ဘုရားသခင်ကို မှန်ကန်စွာ ရှုမြင်ခြင်း

ဘုရားသခင်နှင့်စပ်လျဉ်းသော သခင်ယေရှု၏အမြင်သည် လုံးဝဥဿုံ မှန်ကန်သည်။ ထာဝရဘုရားသခင်ကို ကျွန်ုပ်တို့၏ တစ်ဆူတည်းသော ဘုရားသခင်အဖြစ် အသိအမှတ်ပြုသင့်ကြောင်းကို အောက်ပါကျမ်းချက်ကို အခြေခံပြီး လေ့လာကြရမည် ဖြစ်သည်။

အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရဘုရားသည်၊ ဘုရားတို့၏ဘုရား၊ သခင်တို့၏သခင်၊ ကြီးမြတ်သောဘုရား၊ တန်ခိုးနှင့်ပြည့်စုံ၍ ကြောက်မက်ဘွယ်သောဘုရား၊ သူ့မျက်နှာကိုမထောက်၊ တံစိုးကိုမစားဘဲ၊- သင်တို့၏ဘုရားသခင်ထာဝရဘုရားကိုကြောက်ရွံ့၍ အမှုတော်ကိုဆောင်ရွက်ရမည်။ ကိုယ်တော်၌ ဆည်းကပ်ရမည်။ နာမတော်အားဖြင့် ကျိန်ဆိုခြင်းကို ပြုရမည်။

(တရား ၁၀း၁၇၊ ၂၀)

၁။ သခင်ယေရှုသည် စာတန်ကို မည်သည့်အခါမှ ဝတ်ပြုကိုးကွယ်မည် မဟုတ်ကြောင်း ထင်ရှားသည်။ အကြောင်းမှာ စာတန်သည်-

က။ ဘုရား မဟုတ်ပါ။

ခ။ ဘုရားသခင် မဟုတ်ပါ။

ဂ။ (အစိုးရသော) သခင်လည်း မဟုတ်ပါ။

၂။ ဘုရားသခင်နှင့်ဆိုင်သော(ကျွန်ုပ်တို့)ခံယူအပ်သော အမြင်များမှာ ဘုရားသခင်သည် -

က။ (ကျွန်ုပ်တို့၏) ဘုရားသခင် ထာဝရဘုရား ဖြစ်သည်။

ခ။ ဘုရားတကာတို့၏ဘုရားသခင် ဖြစ်သည်။

ဂ။ သခင်တကာတို့၏သခင် ဖြစ်သည်။

ဃ။ ကြီးမြတ်သော ဘုရားသခင်ဖြစ်သည်။

င။ တန်ခိုးကြီး၍ အံ့ဖွယ်သော ဘုရားဖြစ်သည်။
၃။ လျှော်ကန်သော တုံ့ပြန်မှု
က။ ကျွန်ုပ်တို့သည် ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့ရမည်။
ခ။ ကျွန်ုပ်တို့သည် သူ၏အစေကို ခံကြရမည်။
ဂ။ ကျွန်ုပ်တို့သည် သူ၌ ဆည်းကပ်ရမည်။
ဃ။ ကျွန်ုပ်တို့သည် (ကျိန်ဆိုမည်ဆိုပါက) သူ၏နာမတော်အားဖြင့်သာ ကျိန်ဆိုခြင်းပြုရမည်။

မာရ်နတ်ကို အောင်နိုင်ခြင်း

သခင်ယေရှုသည်မာရ်နတ်ကို လုံးဝအောင်နိုင်ခဲ့သည်။ သခင်ယေရှု၏ လျှို့ဝှက်ချက်ကား အဘယ်နည်း။ အောက်ပါအချက်များကို ဆင်ခြင်ကြည့်ရမည်။

၁။ သမ္မာကျမ်းစာကို သိကျွမ်းခြင်း။
၂။ ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့ခြင်း။
၃။ သူ၏ဘုရားသခင် ထာဝရဘုရားအပေါ် သခင်ယေရှု ထားရှိသည့် မပြောင်းလဲသော သစ္စာတရား။
၄။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခိုင်အမာ တည်ဆောက်ထားသော သူ၏အကျင့်စာရိတ္တ။

‘လူတတ်၏နှုတ်သတ္တိ. . .’
(ဟေရှာ ၅၀း၄)

ဆန်းကြယ်သော ကြိုတင်ဗျာဒိတ်ပေးချက်များ

မေရှိယနှင့်ဆိုင်သော ကြိုတင်ဟောကြားချက်များ ရှိသည်။ အောက်ဖော်ပြပါ ကြိုတင်ပရောဖက်ပြုချက်သည် ထာဝရဘုရားသခင်က မေရှိယကို အမှုတော်မြတ်အတွက် မည်သို့ ပြင်ဆင်သည်ကို ဖော်ညွှန်းပေးသည်။

ငါသည် ပင်ပန်းသောသူအားမစခြင်းငှါ၊
စကားပြောတတ်မည်အကြောင်း၊
အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို
ငါ့အားပေးတော်မူပြီ။ နံနက်အစဉ်အတိုင်းငါ့ကို
နှိုးတော်မူ၏။ စာသင်သောသူကဲ့သို့
နားထောင်စေမည်အကြောင်း ငါ့နားကို
နှိုးဆော်တော်မူ၏
(ဟေရှာ ၅၀း၄)

၁။ ‘အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အားပေးတော်မူပြီ’

က။ ဘုရားသခင်သည် မိမိအစေခံကျွန်များကို အမှုတော်မြတ်အတွက် ဖိတ်ခေါ်သည် (ဟေရှာ ၄၂း၁)။

ခ။ သို့သော် ဘုရားသခင်သည် ထိုသို့အမှုတော်မြတ်အတွက် ဖိတ်ခေါ်ခြင်းသာ ပြုတော်မူသည်မဟုတ်။

ဂ။ မိမိအစေခံကျွန်အား လူတတ်၏နှုတ်သတ္တိကို ပေးသနား တော်မူသည်။

၂။ လူတတ်၏နှုတ်သတ္တိဟူသည် အဘယ်နည်း။

က။ ဘုရားသခင်၏ကျွန်မေရှိယသည် ဦးစွာ သင်ယူရမည်။

ခ။ ကျွမ်းကျင်သောသူဖြစ်ပြီးမှသာ လူတတ်၏နှုတ်သတ္တိ ပိုင်ဆိုင်သောသူဖြစ်နိုင်မည် ဖြစ်သည်။

၃။ ဆက်စပ်သော ကျမ်းချက်

က။ လူတတ်၏နှုတ်သတ္တိကို ပို၍နားလည်စေမည့် ကျမ်းချက် တစ်ခုရှိသည်။ ၎င်းမှာ-

ငါ့နှုတ်ကို ထက်သောထားသကဲ့သို့ဖြစ်စေ၍၊
လက်တော်အရိပ်၌ ဖုံးထားတော်မူ၏။
ငါ့ကိုလည်းဦးသစ်သောစည်းသွားဖြစ်စေ၍၊
မိမိမြားထောင့်ထဲမှာ ဝှက်ထားတော်မူ၏
(ဟေရှာ ၄၉း၂)

၁။ လူတတ်၏နှုတ်သည် 'ထက်သောဓား'ကဲ့သို့ဖြစ်သည်။

၂။ ဘုရားသခင်၏အစေခံကျွန်မေရှိယသည် ဘုရားသခင်ခိုင်းတော်မူသော လုပ်ငန်းအတွက် လုံးဝ အပြစ်အနာဆာမရှိအောင် ပြင်ဆင်ထားသောသူ ဖြစ်သည်။

၃။ 'ဝှက်ထား'

က။ ခရစ်တော်၏ အဦးပိုင်းအသက်တာနှင့်စပ်လျဉ်း၍ ခရစ်ဝင်ကျမ်းများ ဖော်ပြထားခြင်း မရှိကြ။

ခ။ လူထုရှေ့အမှုတော် ဆောင်ရွက်ရန် စတင်ထင်ရှားချိန်၌ သခင်ခရစ်တော်သည်အသက်သုံးဆယ်ပြည့်ပြီး ဖြစ်သည်။

ဂ။ အသက်သုံးဆယ် မတိုင်မီ ခရစ်တော်၏အဦးပိုင်းအသက်တာကို 'ဝှက်ထား' သောအချိန်ကာလဟုဆိုရပေမည်။

၄။ အရက်လေးဆယ် ကာလ

က။ ဤအရက်လေးဆယ်သည် အမှုတော်မြတ်အတွက် သခင်ယေရှု ပြင်ဆင်ခြင်း အစိတ်အပိုင်းဖြစ်သည်။

ခ။ အချိန်အခါနှင့်စီလျော်သော စကားကို ဆိုနိုင်မည်အကြောင်း ထာဝရဘုရားသည် သူ၏အစေခံကျွန်မေရှိယ ကို ပြင်ဆင်ရသည်။

ဂ။ လူထုကို ထိရောက်စွာ ပြောဆိုသွန်သင်နိုင်သော သခင်ယေရှု၏ အစွမ်းသတ္တိသည် ဘုရားသခင်၏ပြုပြင်၊ ပြင်ဆင်ခြင်း သက်သေပင် ဖြစ်သည်။

ဃ။ လူအများတို့သည် သခင်ယေရှု၏ကျွမ်းကျင်မှုနှင့် အသိပညာတို့ကြောင့် အံ့သြလျက်ရှိကြသည်(လုကာ ၄း၂၂)။

'နံနက်အစဉ်အတိုင်း ငါ့ကိုနှိုးတော်မူ၏. . .' (ဟေရှာ ၅၀း၄)

အရေးကြီးသော ကျင့်စဉ်

တောအရပ်၌အရက်လေးဆယ်ပတ်လုံး အသက်ရှင်ရန် လွန်စွာပင်အရေးကြီးသော ကျင့်စဉ်ပိုင်ဆိုင်ထားရမည်ဖြစ်သည်။ တစ်ခုသော ကျင့်စဉ်မှာ နံနက်ချိန်ခါကို အသုံးပြုခြင်းပင် ဖြစ်သည်။

နေ့ခင်းချိန်ခါမှာမခံနိုင်အောင်ပူပြင်းလောင်ကျွမ်းနေမည်ဖြစ်သည်။

နံနက်အစဉ်အတိုင်းငါ့ကို နှိုးတော်မူ၏။ စာသင်သောသူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့နားကို နှိုးဆော်တော်မူ၏ (ဟေရှာ ၅၀း၄)

၁။ **'ငါ့ကို နှိုးတော်မူ၏'**

က။ နှိုးတော်မူသောသူသည် ဘုရားသခင်ထာဝရဘုရား ဖြစ်သည်။

ခ။ ထာဝရဘုရားသည် သူ၏အစေခံကျွန်(မေရှိယ)ကို သူကိုယ် တိုင်ပြင်ဆင်သည်။

ဂ။ ထာဝရဘုရားကိုယ်တိုင် မေရှိယကို နံနက်တိုင်း နှိုးတော်မူသည်။

၂။ **'နံနက်အစဉ်အတိုင်း'**

က။ ဤကျမ်းချက်သည် မေရှိယ၏ ကျင့်စဉ်ကို သိသာစွာ ဖော်ပြသည်။

ခ။ ထာဝရဘုရားသခင်သည် သူ၏ကျွန်မေရှိယကို နံနက်အစဉ်တိုင်း (နံနက်တိုင်း) စကားပြောသည်။

ဂ။ ဤအချက်နှင့်ဆက်စပ်သော ကျမ်းချက်တစ်ခုမှာ- နံနက်အချိန်၊ မိုယ်းမလင်းမှီ ကိုယ်တော်သည် ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏ (မာကု ၁း၃၅)

(၁) သခင်ယေရှုသည် အာရုဏ်ဦးမတိုင်မီ(နှိုး)ထပြီးဖြစ်သည်။

(၂) ဤသည်ကား သူ၏နေ့တိုင်းပြုသော ကျင့်စဉ်ဖြစ်သည်။

၃။ **'လူတတ်'** ဟူသောစကားစုနှင့်ဆက်နွယ်သော အရေးပါသော အချက်များမှာ-

က။ လူတတ်၏နှုတ်သတ္တိ

ခ။ စာသင်သောသူ၏နား

ဂ။ ထိုအရာနှစ်ခုမှာ လွန်စွာပင် ဆက်စပ်လျက်ရှိသည်။

၄။ **'စာသင်သောသူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့နားကို နှိုးဆော်တော်မူ၏'**

က။ ထာဝရဘုရားသခင်သည် သူ၏ကျွန်ကို ထိရောက်စွာ ပြင်ဆင်သည်။

ခ။ ထာဝရဘုရားသည် သူ့ကျွန်ကောင်းမွန်စွာ နားထောင်နိုင်ရန် သွန်သင်သည်။

ဂ။ သူ့ကျွန်သည်လည်း 'စာသင်သောသူ၏နား' ပိုင်ဆိုင်လာမည် ဖြစ်သည်။

ဃ။ ဘုရားသခင်၏ကျွန် မေရှိယသည် ထာဝရဘုရားသခင် ပြောသောအရာများကို ကောင်းမွန်စွာ နားလည်နိုင်လာမည် ဖြစ်သည်။

င။ အလုပ်များနေသောအချိန်၌လည်း၊ မေရှိယသည် ထာဝရဘုရားသခင်ပြောသောစကားကို နားထောင်၍ နားလည်နိုင်မည် ဖြစ်သည်။

စ။ သခင်ယေရှု၏ အရက်လေးဆယ် အစာရှောင်ဆုတောင်း ခြင်းသည် သူ၏နား(စာသင်သောသူကဲ့သို့သော နား) ကိုပို၍ ထက်မြက်စေမည် ဖြစ်သည်။

‘အရှင်ထာဝရဘုရားသည် ငါ့နားကိုဖွင့်တော်မူ. . .’ (ဟေရှာ ၅၀း၅)

ထာဝရဘုရားပြုတော်မူသော အရာ

ထာဝရဘုရားသခင်ကိုယ်တိုင်မှသာ ဆောင်ရွက်ရသော အမှုရှိသည်။ ထိုသို့ ဘုရားသခင် စ ပြီး လုပ်ဆောင်သောအခါ၊ ယုံကြည်သူတစ်ဦးချင်းသည်လည်း တုံ့ပြန်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းကို အောက်ပါကျမ်းချက်၌ ရှင်းလင်းစွာဖော်ပြထားသည်။

အရှင်ထာဝရဘုရားသည် ငါ့နားကိုဖွင့်တော်မူ၍၊ ငါလည်းမငြင်းမဆန်၊ နောက်သို့မဆုတ်။ (ဟေရှာ ၅၀း၅)

၁။ ‘အရှင်ထာဝရဘုရားသည် ငါ့နားကိုဖွင့်တော်မူ၍’

က။ ဘုရားသခင်၏ကရုဏာသည် အလွန်အရေးပါသည်။ ၎င်းကို အသိအမှတ်ပြုရမည်။

ခ။ နားကိုဖွင့်ပေးခြင်းသည်ထာဝရဘုရားသခင် တစ်ဦးတည်းသာ ပြုသောအမှု ဖြစ်သည်။

၂။ ‘ငါလည်းမငြင်းမဆန်၊ နောက်သို့မဆုတ်’

 က။ ဤအချက်သည်ကား တစ်ဦးချင်း၏ တုံ့ပြန်မှု ဖြစ်သည်။

မေရှိယသည် ဤသို့ တုံ့ပြန်သည်။

ခ။ တုံ့ပြန်ချက် နှစ်ခုရှိသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။

ဂ။ ပထမ တုံ့ပြန်ချက်မှာ 'မငြင်းမဆန်' ခြင်းဖြစ်သည်။

(၁) ဤသည်မှာ အလွန်အရေးပါသော တုံ့ပြန်ချက် ဖြစ်သည်။

(၂) သင်ယူတတ်သော စိတ်သဘောရှိနေရန်မှာ မလွယ်ကူပေ။

(၃) နံနက်တိုင်း နိုးထပြီး သခင်ဘုရားထံတော်မှ သင်ယူခြင်းသည်ပို၍ ခက်ခဲပေသည်။

(၄) သို့သော် မေရှိယ ကယ်တင်ရှင်သည် လုံးဝ ငြင်းဆန်ခြင်းမပြုချေ။

(၅) မေရှိယသည် ဤကျင့်စဉ်ကို အဆုံးထိတိုင် စုပ်ကိုင်ကျင့်သုံးခဲ့သည်။

ဃ။ ဒုတိယ တုံ့ပြန်ချက်မှာ 'နောက်ဆုတ်ခြင်း' မရှိ။

(၁) မေရှိယသည် မိမိလုပ်ဆောင်အပ်သောအရာကို အကုန်အစင် ဆောင်ရွက်သည်။

(၂) ထာဝရဘုရားသခင်နှင့်အတူ အချိန်ယူရန်အတွက် နံနက်တိုင်း နိုးထသောကျင့်စဉ်ကို လက်ခံကျင့်သုံးသည်။

(၃) ထို့ကြောင့် မေရှိယသည် မြင့်မြတ်သောသင်ယူမှုကို ပြုနိုင်ခြင်းဖြစ်သည်။

လူတိုင်းသည် ဤသို့ပြည့်စုံသောတုံ့ပြန်မှုမျိုးကို မစွမ်းဆောင်နိုင်ကြချေ

ဤသို့သောတုံ့ပြန်မှုကို လူတိုင်း တတ်နိုင်သည် မဟုတ်။ ဥပမာ အနေဖြင့်၊ မောရှေနှင့်ယေရမိ တို့ကို ကြည့်မည်ဆိုလျှင်-၄င်းတို့သည် သမ္မာကျမ်းစာ၌ ထင်ရှားသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

၁။ ဘုရားသခင်သည် မောရှေအား ဖာရောဘုရင်ထံ သွား၍ စကားဆင့်ဆိုရန် စေလွှတ်သောအခါ၊ မောရှေသည် ငြင်းဆန်လျက်ရှိခဲ့သည်။ အစ၌ အနှုတ်လက္ခဏာဆောင်သော သဘောဖြင့် တုံ့ပြန်ခဲ့သည် (တရား ၃)။ မောရှေသည် 'လူတတ်၏နှုတ်သတ္တိ၊ စာတတ်သောသူ၏နား' ပိုင်ဆိုင်သည်ဟု မိမိကိုယ်ကို လုံး၀မရှုမြင်နိုင်။ ဘုရားသခင် ခန့်အပ်တော်မူသောအမှုကို ဆောင်ရွက်နိုင်ရန် ဘုရားသခင်ထံတော်မှ ရှင်းပြခြင်း၊ တိုက်တွန်းခြင်း လိုအပ်ခဲ့သည်။

၂။ ဘုရားသခင်ကယေရမိအားပရောဖက်အဖြစ် ခန့်အပ်သည်ဟု သိရသောအခါ၊ ယေရမိသည်လည်း ချက်ချင်းခံယူနိုင်ခြင်းမရှိခဲ့ပေ။ ယေရမိသည် 'လူတတ်၏နှုတ်သတ္တိ' ပိုင်ဆိုင်နိုင်သည်ဟု မခံမယူနိုင်ခဲ့။ ယေရမိသည် သခင်ဘုရားအား ကိုယ်စား ပြု၍ စကားပြောဆိုရန် မိမိအရွယ်မှာ ငယ်လွန်းသေးသည်ဟု ခံယူသည် (ယေရမိ ၁)။ မိမိကိုယ်တိုင်သည် ဘုရားသခင်ရွေးထားသော ပရောဖက်တစ်ပါးဖြစ်ကြောင်း ယုံကြည်လက်ခံခြင်းမရှိမီ၊ ယေရမိသည်လည်း များစွာသော အမှားအယွင်းများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။

‘ထို့ကြောင့် ... ကိုယ်မျက်နှာကို မီးကျောက်ကဲ့သို့ထားလျက်...’ (ဟေရှာ ၅၀း၇)

နေ့ရက်တိုင်းကို ဘုရားသခင်နှင့်အတူ အစပြုခြင်း

သခင်ယေရှုသည် နေ့ရက်တိုင်းကို ဘုရားသခင်နှင့် အတူ အစပြုခဲ့သည် (မာကု ၁း၃၅)။ ကျွန်ုပ်တို့သည် ဤပုံသက်သေကို အတုယူသင့်ပေသည်။ အစ၌ ခက်ခဲမည်ဖြစ်သော်လည်း၊ ဇွဲလုံ့လအပြည့်နှင့်ကြိုးစားပြီး လုပ်ဆောင်ပါက အမှန်လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

စိတ်အားထက်သန်ခြင်း

သခင်ယေရှုသည် ပြင်းထန်စွာ စိတ်အားထက်သန်လျက် ရှိသည်။ မည်သည့်အရာများကြောင့် စိတ်အားထက်သန်နေရသနည်း။

၁။ ခေါ်ဖိတ်ခြင်း

က။ သခင်ယေရှုသည် (ဘုရားသခင်၏) ခေါ်ဖိတ်ခြင်းကို ကောင်းမွန်စွာ နားလည်သဘောပေါက်သည်။

ခ။ ထာဝရဘုရားသခင်သည် သခင်ယေရှုကို ခေါ်ဖိတ်သည်။

ဂ။ သခင်ယေရှုသည် ထိုအထက်မှ ခေါ်ဖိတ်ခြင်းကို ခံယူ၍ ပြည့်စုံစေရန် ကြိုးစားအားထုတ်သည်။

၂။ ကြမ္မာ(ဝါ) ဘဝအကြောင်းတရား (destiny)

ဘုရားသခင်၏ ခေါ်ဖိတ်ခြင်းနှင့်အတူ သခင်ယေရှုသည် မိမိဘဝနှင့်စပ်လျဉ်းသော အကြောင်းတရား (ကြမ္မာ)ကိုလည်း ထင်ရှားစွာ သိရှိနားလည်သည်။

မိမိသည် -

က။ မေရှိယ အဖြစ်လည်းကောင်း၊

ခ။ ကယ်တင်ရှင် အဖြစ်လည်းကောင်း၊

ဂ။ ဆရာတစ်ပါး အဖြစ်လည်းကောင်း၊

ဃ။ သခင်အဖြစ်လည်းကောင်း၊ အသက်ရှင်ရမည်ဟု သိထား သည်။

၃။ ဆက်စပ်မှု (ခမည်းတော်ဘုရားသခင်နှင့် နီးနွယ်ဆက်စပ်မှု)

က။ သခင်ယေရှုသည် ဘုရားသခင်၏ချစ်သောသား ဖြစ် သည်။

ခ။ သူသည် ဖြောင့်မတ်ခြင်းကို အကုန်အစင် ပြည့်စုံစေမည့် ဘုရားသခင်၏ မေရှိယ-ကျွန်ဖြစ်သည်။

ဂ။ သူသည် ခမည်းတော်၏ ဘုန်းတော်အဖို့အလို့ငှါ လုပ်ဆောင်အပ်သောအရာများကို တစ်ခုမကျန် လုပ်ဆောင် သွားမည်။

၄။ ရည်ရွယ်ချက် (ဦးတည်ချက်)

က။ သခင်ယေရှု၌ ရှင်းလင်းပြတ်သားသော ဦးတည်ချက် ရှိသည်။

ခ။ သခင်ယေရှုသည် ခမည်းတော်၏ အလိုတော်နှင့် အကြံ အစည်ကို ပြည့်စုံစေရန် အခိုင်အမာ ဆုံးဖြတ်ထားသည်။

ဂ။ သခင်ယေရှုသည် ပဋိညာဉ်အသစ်ကို ဆောင်ကြဉ်းပေး မည် ဖြစ်သည်။

ဃ။ သူသည် လောက၏ကယ်တင်ရှင် ဖြစ်လာမည် ဖြစ်သည်။

၅။ ပေးဆပ်ရမည့် အဖိုးအခ

က။ မိမိအသက်ကို ယဇ်အဖြစ် ပူဇော်ခြင်း

ခ။ ဒုက္ခဝေဒနာ ခံစားခြင်း

ဂ။ ခမည်းတော်၏အလိုတော်ကို ရာနှုန်းပြည့် ခံယူခြင်း

ဃ။ မိမိကိုယ်မိမိ လုံးဝဥဿုံ ငြင်းပယ်ခြင်း စသည်တို့ကို ပေးဆပ်ရမည်ဖြစ်သည်။

လူသားတို့အတွက် လုပ်ဆောင်သမျှသော အမှုတို့ကိုထောက်ရှုခြင်းအားဖြင့် သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ကိုးကွယ်ခြင်းကို လုံးဝထိုက်တန်သောသူ ဖြစ်သည်။

'ရိုက်သောသူတို့အား ငါ့ကျောကိုငှင်း...' (ဟေရှာ ၅၀း၆)

ဆင်းရဲဒုက္ခ

ဘဝအသက်တာ၌ အခက်ခဲဆုံးသောအရာ တစ်ခုမှာ ဒုက္ခဆင်းရဲရင်ဆိုင်ခြင်းပင် ဖြစ်သည်။ လူအများသည် ရောဂါဝေဒနာ ခံစား၍ ဒုက္ခရောက်ကာ ဘဝကို အရှုံးပေးကြသည်။ အချို့မှာ ပြင်းထန်စွာ ထိခိုက်နစ်နာရသောကြောင့် စိတ်ဝေဒနာခံစားလျက် အသက်ရှင်ကြရသည်။

ပို၍ခက်ခဲသည်မှာ အမှားတစ်ခုမျှ မကျူးလွန်ဘဲ ဒုက္ခဆင်းရဲခံရခြင်းပင် ဖြစ်သည်။ ဤအချက်သည် သခင်ယေရှုအတွက် စိန်ခေါ်ချက်တစ်ရပ်ဖြစ်သည်။ အရက်လေးဆယ်တောအရပ်ခရီးစဉ်သည် သခင်ယေရှုအတွက် အရေးပါသော သင်တန်းကာလဖြစ်သည်။

ဆင်းရဲဒုက္ခ ဖော်ထုတ်ခြင်း

အောက်ဖော်ပြပါ ကျမ်းချက်သည် သခင်ယေရှု ခံစားရသော ဆင်းရဲဒုက္ခကို ကြိုတင်ဖော်ထုတ်ပေးသည်။

ရိုက်သောသူတို့အား ငါ့ကျောကို၄င်း၊
နားပန်းဆံကိုနုတ်သောသူတို့အား၊ ငါ့ပါးကို၄င်းငါအပ်၏။
အရှက်ခွဲခြင်းနှင့်တံတွေးထွေးခြင်းမှငါသည်
ကိုယ်မျက်နှာကိုမလွှဲ။
(ဟေရှာ ၅၀း၆)

၁။ ရုပ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲ

အောက်ပါအချက်များကြောင့် သခင်ယေရှုသည် ကိုယ်ခန္ဓာ အားဖြင့် ဒုက္ခဝေဒနာ ခံစားရကြောင်း ထင်ရှားစေသည်။

က။ 'ရိုက်သောသူတို့အား ငါ့ကျောကို၄င်း'

ခ။ 'နားပန်းဆံကိုနုတ်သောသူတို့အား'

ဂ။ 'တံတွေးထွေးခြင်း'

၂။ ခံစားချက် (စိတ်ပိုင်းဆိုင်ရာ)နှင့်ဆိုင်သော ဒုက္ခဆင်းရဲ ခန္ဓာဆင်းရဲခြင်းသည် ရင်ဆိုင်ရန် ခက်ခဲပေသည်။ သို့သော် ကြိမ်ဖန်များစွာ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲခြင်းသည် ခံစားရန် ပို၍ခက်ခဲတတ်သည်။

က။ 'အရှက်ခွဲခြင်း'

ခ။ ဤစကားစု၏ ရည်ညွှန်းချက်မှာ စိတ်ပိုင်းဆိုင်ရာ ဒုက္ခဆင်းရဲ ဖြစ်သည်။

၃။ 'ငါအပ်၏'

ကိုယ်တော် အပ်သောအရာများမှာ-

က။ 'ငါ့ကျော'

ခ။ 'ငါ့ပါး'

ဂ။ ဆိုလိုသည်မှာသခင်ယေရှုသည်သူခံစားရမည့် ဒုက္ခဆင်းရဲခြင်းများမှ ရှောင်ပြေးခြင်း မရှိ။

ထိရောက်သော သင်တန်းအစီအစဉ်

ဒုက္ခဆင်းရဲခြင်းဝေဒနာကို မကြောက်ရွံ့သည်အထိ လူတစ်ဦးကို သင်တန်းပေး၍ ရသလော။ အဖြေမှာ ရပါသည်။ မည်သို့ လက်တွေ့ဆောင်ရွက်မည်နည်း။

၁။ ခွန်အားကြီးသော စိတ်နှလုံးကို မွမ်းမံခြင်း

ဤအချက်မှာ အလွန်အရေးကြီးသော အချက်ဖြစ်သည်။

၂။ (ဘုရားသခင်အား) မိမိတို့၏ ယုံကြည်ကိုးစားမှုကို တိုးပွားခြင်း

ဤအချက်သည်လည်း လွန်စွာပင် အရေးပါသည်။

၃။ သည်းခံနိုင်စွမ်းနှင့် ဇွဲလုံ့လ တည်ဆောက်ခြင်း

အရက်လေးဆယ်လုံးလုံး တောအရပ်၌ နေထိုင်နိုင်ခြင်းသည် သခင်ယေရှုကို ပိုမိုသည်းခံနိုင်စွမ်း တိုးတက်စေမည် ဖြစ်သည်။ သူသည် တန်ခိုးကြီးပြီး သတ္တိနှင့်ပြည့်စုံသော စိတ်ဓာတ်မွေးထုတ် နိုင်ခဲ့ပြီးဖြစ်မည်မှာ သေချာသည်။ တောအရပ်ခရီးစဉ်သည် သခင်ယေရှုအတွက် လွန်စွာအကျိုးရှိသောခရီးစဉ်ဖြစ်သည်။

‘အရှင်ထာဝရဘုရားသည်
ငါ့ကိုစောင့်မတော်မူလိမ့်မည်. . .’
(ဟေရှာ ၅၀း၇)

ကြီးမားသော ယုံကြည်ခြင်း

မေရှိယ-ကျွန် (Messiah-Servant) သည် ဘုရားသခင်ကို ကြီးစွာ ကိုးစားရမည်။ သို့မဟုတ်လျှင်၊ သူ ထမ်းဆောင်ရမည့် အမှုတော်လုပ်ငန်း၌ အောင်မြင်မှု ရနိုင်မည် မဟုတ်။ မေရှိယ-ကျွန်အနေဖြင့် လုပ်ဆောင်ရမည့် အရာမှာ အခြားမဟုတ်၊ ယုံကြည်ခြင်းကို အခိုင်အမာ တည်ဆောက်ခြင်းပင် ဖြစ်သည်။

အရှင်ထာဝရဘုရားသည် ငါ့ကိုစောင့်မတော်မူလိမ့်မည်။ ထို့ကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာကို မီးကျောက်ကဲ့သို့ထားလျက်၊ ရှက်ကြောက်ခြင်းသို့ မရောက်ရဟုငါသိ၏

(ဟေရှာ ၅၀း၇)

၁။ ‘အရှင်ထာဝရဘုရားသည် ငါ့ကိုစောင့်မတော်မူလိမ့်မည်’

က။ ဘုရားသခင်နှင့် ခိုင်ခံ့သော ရင်းနှီးမှု ဦးစွာပထမ တည်ဆောက်ရမည်။

ခ။ ဘုရားသခင်ကို သိကျွမ်းခြင်းပညာ၌ ပို၍ ကြီးထွားနေရမည်။ ထိုအချက်များ လိုအပ်လာမည်မှာ မြေကြီးလက်ခတ် မလွဲ ဖြစ်သည်။

ဂ။ ‘ထာဝရဘုရားသခင်သည် သူ့ကျွန်ကို စောင့်မတော်မူ

မည်’ဟူသော ယုံကြည်ခြင်းသည် စိတ်နှလုံး၌ ထင်ရှားစွာ စွဲလမ်းနေရမည်။

ဃ။ ဤ ခိုင်ခံ့သော ယုံကြည်ခြင်းကို မေရှိယ-ကျွန် သခင်ခရစ်တော်ပိုင်ဆိုင်ခဲ့သည်။

၂။ ပထမ ‘ကျိုးကြောင်းပြချက်’

က။ ပထမ ကျိုးကြောင်းပြချက် (ထို့ကြောင့်) သည် ထာဝရဘုရားသခင်၌ ကိုးစားခြင်းကို ဖော်ထုတ်သည်။

ခ။ ထိုသို့ကိုးစားသောကြောင့်၊ ‘ငါမရှုံး . . . ’ဟု မြွက်ဆိုနိုင်ခြင်းဖြစ်သည်။

ဃ။ ထိုသို့ မြွက်ဆိုခြင်းသည်လည်း ယုံကြည်ခြင်းကြောင့် ဖြစ်သည်။

၃။ ဒုတိယ ‘ကျိုးကြောင်းပြချက်’

က။ ဒုတိယ ကျိုးကြောင်းပြချက် (ဖြစ်၍) သည် မေရှိယကိုယ်တိုင်က လုပ်ဆောင်အပ်သောအရာနှင့် သက်ဆိုင်သည်။

ခ။ ‘ကိုယ်မျက်နှာကို မီးကျောက်ကဲ့သို့ထားလျက်’

(၁) မီးကျောက်၏ အရည်အသွေးသည် ၎င်း၏မာကျောခြင်းပင် ဖြစ်သည်။

(၂) မီးကျောက်သည် ကျောက်အမျိုးပေါင်းများစွာထက်ပို၍ မာကျောသည်။

(၃) သခင်ယေရှုသည် မိမိကိုယ်ကို မီးကျောက်ကဲ့သို့ခိုင်မာ၊ မာကျော သောသူဖြစ်ရန်လေ့ကျင့်ခဲ့ရသည်။

၄။ 'ရှက်ကြောက်ခြင်းသို့ မရောက်ရဟုငါသိ၏'

က။ မေရှိယ-ကျွန်သည် ထာဝရဘုရားသခင်သူ၏ခမည်းတော်ကို အပြည့်အဝ ယုံကြည်ကိုးစားသည်။

ခ။ မေရှိယသည်ဒုက္ခဆင်းရဲခြင်းများစွာကိုအချည်းနှီး ရင်ဆိုင်သွားမည် မဟုတ်ကြောင်း အခိုင်အမာယုံကြည်သည်။

ဂ။ မေရှိယသည်မည်သည့်အခါမျှရှက်ကြောက်ခြင်းသို့ ရောက်မည် မဟုတ်။

(၁) ဘုရားသခင်၏ပြီးပြည့်စုံသောအကြံအစည်ကို အကုန်အစင် သိရသော အချိန်ကျရောက်လိမ့်မည်။

(၂) ဘုရားသခင်၏အလိုတော်ကို ရာခိုင်နှုန်းပြည့် စိတ်ချကိုးစားသည်။

(၃) ဒုက္ခဆင်းရဲခြင်းနှင့် နာကျင်မှုဝေဒနာများကို လုံးဝမကြောက်ရွံ့သင့်ချေ။

(၄) ရှက်ကြောင်ခြင်း မခံ' ဟုမြွက်ဆိုနိုင်ရန် ကြီးမားသောယုံကြည်ခြင်းနှင့် ခိုင်ခံ့သောစိတ်ချမှု လိုအပ်သည်။

(၅) ဆင်းရဲဒုက္ခများစွာ ရင်ဆိုင်ရချိန်၌ သခင်ယေရှုသည် ထာဝရဘုရားသခင် သူ၏ခမည်းတော်အပေါ် အထူးသဖြင့် သစ္စာရှိသောသူဖြစ်ကြောင်း သက်သေထူနိုင်ခဲ့သည်။

‘ငါ့ကို အပြစ်လွှတ်သောသူသည် အနီးမှာရှိ . . .’
(ဟေရှာ ၅၀း၈-၉)

အထူးသဖြင့် အကျွမ်းဝင်ခြင်း

သိသာထင်ရှားသောအရာ တစ်ခုမှာ ထာဝရဘုရားသခင်နှင့် မေရှိယအစေခံကျွန်တို့၏ ရင်းနှီးကျွမ်းဝင်မှုပင်ဖြစ်သည်။ အောက်ဖော်ပြပါ ကျမ်းချက်သည် ထိုမွန်မြတ်သော ရင်းနှီးကျွမ်းဝင်ခြင်းကို အကျွန်ုပ်တို့ တန်ဖိုးထားတတ်ရန် များစွာအထောက်အကူပေးသည်။

ငါ့ကို အပြစ်လွှတ်သောသူသည် အနီးမှာရှိ၏။
အဘယ်သူသည် ငါနှင့်တရားတွေ့မည်နည်း။ ပြိုင်၍
နေကြကုန်အံ့။ အဘယ်သူသည်
ငါနှင့်ရန်ဘက်ပြုမည်နည်း။ ထိုသူသည် ချဉ်းကပ်စေ။-
ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည်
ငါ့ကိုစောင့်မတော်မူမည်။ အဘယ်သူသည်
ငါ့ကိုတရားရှုံးစေမည်နည်းထိုသို့သောသူအပေါင်းတို့သည်
အဝတ်ကဲ့သို့ဟောင်းနွမ်းခြင်းသို့ ရောက်ကြလိမ့်မည်။
ပိုးကိုက်စားခြင်းကိုလည်း ခံရကြလိမ့်မည်။
(ဟေရှာ ၅၀း၈-၉)

၁။ ခက်ခဲကြမ်းတမ်းသော အခြေအနေနှင့်အချိန်အခါ

- က။ သခင်ယေရှုခရစ်တော်၏ ဘဝအသက်တာနှင့် အမှုတော်မြတ်၌ ခက်ခဲသောအချိန်အခါနှင့် ကြမ်းတမ်းသော အခြေအနေများစွာ ရှိခဲ့သည်။

ခ။ အောက်ပါအချက်များကို မီးမောင်းထိုး ဖော်ပြသင့်ပေသည်။

(၁) အမှုတော်အစပိုင်းကာလ နာဇရက်မြို့၌ ပြင်းထန်သောငြင်းပယ်ခြင်းလူသိရှင်ကြား ခံခဲ့ရသည်။ လူတို့သည် သခင်ခရစ်တော်ကိုချောက်ကမ်းပါးမှ တွန်းချရန် ကြိုးပမ်းခဲ့ကြသည် (လုကာ ၄း၂၈-၃၀)။

(၂) အမှုတော်အဆုံး၌ အမှုစစ်ဆေးခြင်းနှင့်ရင်ဆိုင်ရသောအခါသခင်ယေရှုသည် ခန္ဓာအားဖြင့် လူသိရှင်ကြား နှိပ်စက်ခြင်းခံရသည်။

၂။ **'ငါ့ကို အပြစ်လွှတ်သောသူသည် အနီးမှာရှိ၏'**

က။ စိတ်ထဲမှ စွဲလမ်းလျက် ခံယူထားသော အချက်ဖြစ်သည်။

(၁) ကြိုတင်ပရောဖက်ပြုလျက်

(၂) မိမိကိုယ်ရေးကိုယ်တာအဖြစ် ခံယူလျက်

(၃) လက်တွေ့ကျကျသက်သေထူလျက် (ဘဝအသက်တာနှင့် အမှုတော်မြတ်၌)

ခ။ ဤအကြောင်းကြောင့် သခင်ယေရှုသည် ထာဝရဘုရားသခင်ကို စိတ်ချစွာ ခိုလှုံနိုင်ရခြင်းဖြစ်သည်။

ဂ။ သခင်ယေရှုသည် မည်သည့်အခြေအနေ၌မဆို တည်ငြိမ်သောစိတ်သဘောကို အမြဲစောင့်ထိန်းနိုင်ခြင်းဖြစ်သည်။

၃။ ခမည်းတော် အတူရှိနေခြင်းကို ပေါ်လွင်စေခြင်း

က။ အမှုတော်အစပြုရာ ဗတ္တိဇံမင်္ဂလာ ခံယူချိန်၌ လူသိရှင်ကြား ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊

ငါ၏ချစ်သားပေတည်းဟု ကောင်းကင်အသံတော်
ဖြစ်လေ၏ (မဿဲ ၃း၁၇)။

ခ။ ယေရှုခရစ်တော် ရုပ်သဏ္ဍာန်ပြောင်းချိန်၌ ဤသူသည် ငါနှစ်သက် မြတ်နိုးရာ၊ ငါ၏ချစ်သား ပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟု မိုဃ်းတိမ်က အသံတော် ဖြစ်လေ၏ (မဿဲ ၁၇း၅)

ဂ။ သခင်ယေရှု၏ စဉ်ဆက်မပြတ်သော ဆုတောင်းချက်ကို တုံ့ပြန်လျက် 'အိုအဘ၊ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါဟု မိန့်မြွက်တော်မူ၏ . . .'
(ယောဟန် ၁၂း၂၈)

'ထိုအခါ ကောင်းကင်မှစကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊ တဖန် ချီးမြှောက်ဦးမည်ဟု လာ၏'
(ယောဟန် ၁၂း၂၈)

'ကြည့်ရှုလော့။ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိမ့်မည်'
(ဟေရှာ ၅၂း၁၃)

မြေကြီးပေါ်၌ မေရှိယသခင်၏ သာသနာ့ ဦးတည်ချက်

မေရှိယ လုပ်ဆောင်အပ်သော အရာများစွာ ရှိသည်။ သာသနာ၏ အဓိက ဦးတည်ချက် ရှိရမည် ဆိုလျှင်၊ ဟေရှာယ ၅၂-၅၃ ကိုသေချာစွာ ဖတ်ရှုရမည် ဖြစ်သည်။

ကြည့်ရှုလော့။ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိမ့်မည်။ ချီးမြှောက်ချီးမြှင့်ခြင်းသို့ ရောက်၍၊ အထွဋ်အမြတ်ဖြစ်လိမ့်မည်။ သူသည်လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်း ရှိသည်ကို၊ အများသောသူတို့သည် အံ့သြမိန်းမောကြသည်ဖြစ်၍၊ ထိုအတူ သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့နှုတ်ကို ပိတ်၍ နေရကြလိမ့်မည်။ သူတပါးမပြဘူးသောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူးသောအရာကိုလည်း နားလည်ကြလိမ့်မည်။

(ဟေရှာ ၅၂း၁၃-၁၅)

၁။'ကြည့်ရှုလော့။ ငါ့ကျွန်သည်'

က။ မေရှိယသည် အဆုံးထိတိုင် ထာဝရဘုရားသခင်၏ကျွန် ဖြစ်လိမ့်မည်။

ခ။ တမန်တော်ရှင်ပေါလုသည် ဤအချက်ကိုလွန်စွာမှ တန်ဖိုးထား မြတ်နိုးကြောင်း သည် (ဖိလိ ၂း၅-၁၁) ၌ တွေ့ရသည်။

၂။ 'ချီးမြှောက်ချီးမြှင့်ခြင်းသို့ရောက်၍၊ အထွတ်အမြတ်ဖြစ်လိမ့်မည်'

က။ တမန်တော် ရှင်ပေါလုသည် ဤအချက်ကိုလည်း သတိပြုမိသည်။

ခ။ ဘုရားသခင်သည် သခင်ယေရှုအား အများတကာထက် မြတ်သော ဘွဲ့နာမတော်ကို ပေးသနားတော်မူသည် (ဖိလိ ၂း၉-၁၁)။

၃။သို့သော်၊ လူတိုင်းသည် သခင်ယေရှုကို နားမလည်နိုင်ကြ။

က။ လူတို့သည် သခင်ယေရှု၏သွန်သင်ခြင်းကြောင့် အံ့သြမိန်းမောလျက် ရှိကြသည်။

ခ။ သူ၏ မျက်နှာပုံပန်းသဏ္ဌာန်သည် ပျက်စီးလျက် ရှိသည် (သခင်ယေရှု ရင်ဆိုင်ရသောဒုက္ခဆင်းရဲခြင်း၊ ဝေ ဒနာများကို ရည်ညွှန်းသည်)။

၄။ ' သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်'

က။ သခင်ယေရှု ဆောင်ရွက်သော သန့်ရှင်းစင်ကြယ်စေခြင်း အမှုကို ရည်ညွှန်းသည်။

ခ။ သူ၏အသေခံခြင်းသည် အများတကာအတွက် သန့်ရှင်းခြင်းအကျိုး ဖြစ်စေမည်။

ဂ။ ခရစ်တော်အသေခံခြင်း၏ အကျိုးသည် တစ်လောကလုံးနှင့် သက်ဆိုင်လိမ့်မည်။

ဒုက္ခဆင်းရဲအတွက် ပြင်ဆင်ခြင်း

ခရစ်တော်၏ အရက်လေးဆယ် တောအရပ် ခရီးစဉ်သည် ဒုက္ခဆင်းရဲခံနိုင်ရန် အရေးပါသော ပြင်ဆင်ခြင်းကာလ ဖြစ်မည်မှာ သေချာသည်။

၁။ စိတ်၊ ဝိညာဉ် နှစ်ခုစလုံး ပြင်ဆင်ရမည်။

၂။ သူ၏ပဓာနကျသော ရည်ရွယ်ချက်(ဦးတည်ချက်)ကို နား
လည်ခြင်းနှင့် ပြည့်စုံစေခြင်း
၃။ သန့်ရှင်းသော ဝိညာဉ်တော်၏ အထူးသဖြင့် မစခြင်း
(ခိုင်ခံ့စေခြင်း)များစွာသောအရာတို့သည် ဆုံးရှုံးနိုင်သော
(ပပျောက်နိုင်သော) အနေအထား၌ ရှိကြသည်။ ဘုရား
သခင်၏ ကယ်တင်ခြင်း စီမံချက်သည် ကျရှုံး၍ လုံးဝ
မဖြစ်။ ဘုရားသခင်၏မေရှိယ-ကျွန်သည် ခွန်အားကြီး
ရမည်။

'သူတို့၏အပြစ်ကို ကိုယ်တိုင် ဆောင်ရွက်ရ၏' (ဟေရှာ ၅၃း၁၁)

မေရှိယ၏ဒုက္ခဆင်းရဲနှင့်စပ်လျဉ်း၍ ဟေရှာယပရောဖက် ဟောကြားချက်

သမ္မာကျမ်းစာ ဖတ်ရှုသူတိုင်း၏ စိတ်နှလုံးကို အလွန် ထိခိုက်ကြေကွဲစေသော ကျမ်းပိုဒ်တစ်ခုမှာ မေရှိယ ရင်ဆိုင်ရသော ဒုက္ခဆင်းရဲခြင်း ဝေဒနာနှင့် စပ်လျဉ်းသော ဟေရှာယပရောဖက်၏ ဟောကြားချက်များ ဖြစ်သည်။ အောက်ဖော်ပြပါ ကျမ်းချက်များကို လေ့လာကြည့်မည်ဆိုလျှင် -

၁။ 'မထီမဲ့မြင်ပြုခြင်းကို ခံရသည်' (ဟေရှာ ၅၃း၃က)။
၂။ 'နာကျဉ်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူ ဖြစ်၏'
(ဟေရှာ ၅၃း၃ခ)။

၃။ 'ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်းကို ခံရသည်' (ဟေရှာ ၅၃း၅)။

၄။ 'ငါတို့ ယုတ်မာခြင်းအပြစ်များကြောင့်၊ နှိပ်စက်ခြင်းကို ခံရသည်' (ဟေရှာ ၅၃း၅)။

၅။ 'သူသည် ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကို ခံရသည် (ဟေရှာ ၅၃း၇)။

၆။ 'အသေသတ်ခြင်းငှါ ဆောင်သွားသော သိုးသငယ်ကဲ့သို့ ဆောင်သွားခြင်းကို ခံရသည်' (ဟေရှာ ၅၃း၇)။

သခင်ယေရှုခရစ်တော်ကိုယ်တိုင် ရင်ဆိုင်ရသော ဒုက္ခဆင်းရဲဝေဒနာအကြောင်း ဖတ်ရသောအခါ အလွန်ပင် စိတ်ထိခိုက်လျက် ရှိသည်။ (ဟေရှာ ၅၃ ကိုဆုတောင်းလျက် အချိန်ယူဖတ်ပါ။)

ကြိုတင်ဟောကြားထားသော လူတို့၏ တုံ့ပြန်ချက်

မေရှိယ ခံစားရသော ဒုက္ခဝေဒနာကို လူတို့အဘယ်သို့ တုံ့ပြန်ကြသည်ကို ဖတ်ရှုရခြင်းသည်လည်း အလွန်ပင် စိတ်အနှောက်အယှက် ဖြစ်စေသည်။

၁။ 'ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ' (ဟေရှာ ၅၃း၂)။

၂။ 'မထီမဲ့မြင်ပြုခြင်းကို ခံရ၍၊ ငါတို့သည် မရိုသေကြ' (ဟေရှာ ၅၃း၃)။

၃။ 'သူတပါး မျက်နှာ လွှဲခြင်းကို ခံရသောသူ ကဲ့သို့ ဖြစ်၏'
(ဟေရှာ ၅၃း၃)။

၄။ 'ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင် ဆုံးမ၍ နှိမ့်ချ
တော်မူခြင်းကိုငှင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည်
ထင်မှတ်ကြပြီ'(ဟေရှာ ၅၃း၄)။

ဟေရှာယသည် မိမိကိုယ်ကို သခင်ဘုရားအား ဝမ်းနည်းကြေကွဲစေသော လူထုတို့နှင့် ခြားနားသည်ဟု မမြင်။ ဟေရှာယသည် မေရှိယကယ်တင်ရှင်ခံစားရသောဒုက္ခဝေဒနာကို တန်ဖိုးထားမြတ်နိုးခြင်းမရှိဘဲ ဒုစရိုက်အပြစ်ကျူးလွန်နေသော ဣသရေလအမျိုးသားနှင့် မိမိကိုယ်တိုင်လည်း တစ်ဖွဲ့တည်းအဖြစ် ခံယူသတ်မှတ်သည်။

ဘုရားသခင်၏ အလိုတော် ဖော်ထုတ်ခြင်း

ဒုက္ခဆင်းရဲ ခံနေရသော မေရှိယနှင့် စပ်လျဉ်းသော ဘုရားသခင်၏ အလိုတော်မှာ အဘယ်နည်း။ အောက်ဖော်ပြပါ ကျမ်းချက်များသည် နက်ရှိုင်းပြီး လေးနက်ကြသည်။

၁။ 'ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍
နာစေတော်မူ၏' (ဟေရှာ ၅၃း၁၀)။

၂။ 'သူသည် အပြစ်ဖြေသော ယဇ်ကို ပူဇော်သည်'
(ဟေရှာ ၅၃း၁၀)။

၃။ 'သိကျွမ်းခြင်းအားဖြင့်၊ ဖြောင့်မတ်သောငါ၏ကျွန်သည်
အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်'
(ဟေရှာ ၅၃း၁၁)။

၄။ 'သူတို့၏ အပြစ်ကို ကိုယ်တိုင် ဆောင်ရွက်ရ၏'
(ဟေရှာ ၅၃း၁၁)။

မေရှိယသည် လောက၌ သူလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်ကို အဘယ်သို့ နားလည်သနည်း။ အရက်လေးဆယ်တောအရပ်ခရီးစဉ်၌သခင်ယေရှုသည် သူ၏သာသနာလုပ်ငန်းများကိုထောင့်စုံ ဆင်ခြင်နှုလုံးသွင်းနေမည်ဖြစ်သည်။ သခင်ယေရှုသည်

၁။ ဘုရားသခင်၏ အလိုတော်ကို လေးနက်စွာ တွေးဆဆင်ခြင်ရမည်။

၂။ ကောင်းကင်ဘုံရှိ ခမည်းတော် ဘုရားသခင်၏ အလိုတော်ကို ခံယူပြီး၊ ထိုအလိုတော်ကို ပြည့်စုံစေရမည်ဖြစ်သည်။

'အိုဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုတော်ဆောင်အံ့သောငှါ သွားပါမည် ...'
(ဟေဗြဲ ၁၀း၉)

အရေးကြီး၍ ဆီလျော်သော ကျမ်းချက်

သခင်ယေရှု အဘယ်သို့ ဘုရားသခင်၏အလိုတော်နားလည်သည်ကို အကျွန်ုပ်တို့ တန်ဖိုးထား မြတ်နိုးနိုင်ရန် မီးမောင်းထိုးပြသော ကျမ်းချက်ကို ဟေဗြဲဩဝါဒစာ၌ တွေ့ရသည်။

မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို အားရနှစ်သက်တော်မမူသောအခါ၊ ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကို ဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်ဟု လျှောက်ဆို၏ (ဟေဗြဲ ၁၀း၆-၇)

၁။ 'မီးရှို့ရာယဇ်နှင့်အပြစ်ဖြေရာယဇ်များကို အားရနှစ်သက်တော်မမူ'

က။ သခင်ယေရှုသည် အပြစ်ပြဿနာကို အဘယ်သို့ ဖြေရှင်းမည်နည်းဟု တွေးတောမိမည် ဖြစ်သည်။

ခ။ ဓမ္မဟောင်းကျမ်း၌၊ 'မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များ'သည် အပြစ်ဖြေလွှတ်ရန် အရေးပါသော အရာများဖြစ်ကြသည်။

ဂ။ ဘုရားသခင်ကိုယ်တော်သည် ထိုအရာတို့ကို နှစ်သက်အားရခြင်း မရှိကြောင်း သခင်ယေရှု နားလည်သဘောပေါက်သည်။

ဃ။ ထိုပူဇော်သကာများသည် သင်္ကေတသဘောသာ ဆောင်ခဲ့ကြသည်။

၂။ 'ကျမ်းစာလိပ်၌ အကျွန်ုပ်ကိုအမှတ်ပြု၍ ရေးထားသည်နှင့်အညီ'

က။ ကျမ်းစာလိပ်

(၁) ယေဘုယျအားဖြင့် သမ္မာကျမ်းစာများကို ရည်ညွှန်းသည်။

(၂) ဟေရှာယအနာဂတ္တိကျမ်းသည်လည်း မေရှိယကို ရည်ညွှန်းရာ၌ အရေးပါသောကျမ်းစာ ဖြစ်သည်။

(၃) သခင်ယေရှုသည် လောက၌ သူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကို ကောင်းမွန်စွာ နားလည်သည်။

ခ။ သမ္မာကျမ်းစာကို သိကျွမ်းခြင်းပညာ

(၁) သခင်ယေရှုသည် သမ္မာကျမ်းစာကို လေးနက်စွာ နားလည်ထားပြီး ဖြစ်သည်။

(၂) သခင်ယေရှုသည် ထာဝရဘုရားသခင်မှ သူ့အား မေရှိယ - ကျွန်အနေနှင့် လုပ်ဆောင်စေချင်သော အရာတို့ကိုအသေအချာနားလည်သိထားမည် ဖြစ်သည်။

၃။ 'အကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကို ဆောင်အံ့သောငှါ'

က။ ဘုရားသခင်၏အလိုတော်သည် သမ္မာကျမ်းစာ၌ ဖော်(ဖွင့်) ပြလျက်ရှိသည်။

ခ။ သခင်ယေရှုသည် ထိုဘုရားသခင်၏အလိုတော်ကို ဦးစွာ ရှာဖွေသိရှိရမည်။

ဂ။ သခင်ယေရှုသည် ထိုအလိုတော်ကို စွဲလမ်းစွာ ခံယူထားရမည်။

ယ။ သခင်ယေရှုသည် ဘုရားသခင်၏အလိုတော်ကို လိုက်
လျှောက်၍၊ ပြီးပြည့်စုံစေရမည်။

အရေးကြီးသော သုံးသပ်ချက် (အမြင်)

ဘုရားသခင်၏အလိုတော်ကို သခင်ယေရှု ပြီးပြည့်စုံစေခြင်းနှင့် စပ်လျဉ်း၍ စာရေးဆရာ၏ သုံးသပ်ချက်အမြင်သည် အလွန်အရေးပါသည်။

ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏ (ဟေဗြဲ ၁၀း၁၀)

သခင်ယေရှုခရစ်၏ ကိုယ်တိုင် ပူဇော်ခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ ယခုမှထာဝရ စင်ကြယ်သောသူများ ဖြစ်ကြရသည်။

'နောင်ကာလအခါ သူတို့၌ ငါပေးသော ပဋိညာဉ်တရားဟူမူကား ...' (ဟေဗြဲ ၁၀း၁၆)

ဘုရားသခင်၏ ပဋိညာဉ်များ

ဘုရားသခင် တည်စေတော်မူသော ပဋိညာဉ်များကို သမ္မာကျမ်းစာ၌တွေ့ရသည်။ ဤပဋိညာဉ်များကို 'နယ်စားပဋိညာဉ်' (suzerainty covenants) များဟုလည်း သမုတ်ကြသည်။

ဘုရားသခင်၏ မေတ္တာနှင့်ကရုဏာသက်သက်ကြောင့် ပေးသနားသောအရာများ ဖြစ်ကြသည်။ အောက်ဖော်ပြပါ ပဋိညာဉ်များသည် ဘုရားသခင်ကိုယ်တိုင် ပေးသနားတော်မူသည်။ နှစ်ကာလအစဉ်အတိုင်း ဖော်ပြထားသည်။

၁။ နောဧနှင့်ဆိုင်သော ပဋိညာဉ် (ကမ္ဘာ ၉း၈-၁၇)။
၂။ အာဗြဟံနှင့်ဆိုင်သော ပဋိညာဉ် (ကမ္ဘာ ၁၅း၁-၁၈)။
၃။ သိနာတောင်နှင့်ဆိုင်သော ပဋိညာဉ် (ထွက် ၂၄း၇၊ တရား ၅း၂-၃)။
၄။ လေဝိအမျိုးနှင့်ဆိုင်သော ပဋိညာဉ် (မာလခိ ၂း၄-၅)။
၅။ ဒါဝိဒ်နှင့်ဆိုင်သော ပဋိညာဉ် (ဆာလံ ၈၉း၂၈)။

ဘုရားသခင်၏ ပဋိညာဉ်ကို ချိုးဖေါက်ခြင်း

ဣသရေလအမျိုးသည် ဘုရားသခင်၏ ပဋိညာဉ်ကို ပြင်းထန်စွာ ချိုးဖောက်ခဲ့ကြသည်။ ယေရမိ ပရောဖက်သည် ထိုသို့ ပဋိညာဉ်ချိုးဖောက်ခြင်းအမှုကို အတည့်အလင်း ဖော်ထုတ်ခဲ့သည်။ ဘုရားသခင် နောက်ကာလ၌ တည်စေမည့် ပဋိညာဉ်သစ်ကို အမှီပြု၍ ဖော်ထုတ်သည်။

ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဤသည် လူမျိုး၏ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသောပဋိညာဉ်တရားနှင့်ခြားနားသော

ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသောအချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည် ဖျက်၍၊ ငါသည်လည်း သူတို့ကိုရှုံ့ရှာ၏ (ယေရမိ ၃၁း၃၁-၃၂)

၁။ ပဋိညာဉ် (သမိုင်းနောက်ခံကွင်းဆက် အရ)

က။ ဤ ပဋိညာဉ်သည် သိနာတောင်၌ ဘုရားသခင် ပေးသနားတော်မူသော ပဋိညာဉ်ကိုရည်ညွှန်းသည်။

ခ။ ဤသမိုင်းနောက်ခံကွင်းဆက်သည် တိကျသေချာသည်။

(၁) ဘုရားသခင်ကိုယ်တိုင်ကရအဲဂုတ္တုပြည်မှ ဆောင်သွားခြင်းအကြောင်းတွေ့ရသည်။

(၂) ဤပဋိညာဉ်သည် ဣသရေလအမျိုးသားနှင့် ယုဒအမျိုးသားတို့ နှစ်ဖွဲ့စလုံးက ချိုးဖောက်ဖျက်ဆီးသည်။

ဂ။ ပဋိညာဉ်ဟောင်း ချိုးဖောက်ဖျက်ရာ၌ အပြစ်ဖုံးနိုင်ခြင်းမရှိ

(၁) ဘုရားသခင်သည် ဣသရေလအမျိုးတို့ကို အဲဂုတ္တုပြည်မှ ကြီးစွာသောတန်ခိုးတော်အားဖြင့် ဆောင်ခဲ့သည်။

(၂) ဘုရားသခင်သည် ဣသရေလအမျိုးကို ခင်ပွန်းက မိမိ ဇနီးအား ချစ်မြတ်နိုးသကဲ့သို့ ချစ်မြတ်နိုးခဲ့သည်။

(၃) သို့သော်၊ ဣသရေလအမျိုးသည် သစ္စာမဲ့၊ ကျေးဇူးတရားမသိဘဲ နေခဲ့သည်။

၂။ ပဋိညာဉ်သစ်

 က။ ကတိပေးထားသော အရာဖြစ်သည်။

ခ။ ပဋိညာဉ်အဟောင်းကို အစားထိုးသွားမည် ဖြစ်သည်။

ဂ။ ဤ ပဋိညာဉ်သစ်ကို မေရှိယ-အစေခံကျွန် ကိုယ်တိုင်က တည်စေမည် ဖြစ်သည်။

'ယေရှုသည် သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံ ဖြစ်သည် ...'
(ဟေဗြဲ ၈း၆)

သခင်ယေရှုအပြီးအပိုင် ဆောင်ရွက်ရမည့်အရာများ

အသစ်သော ပဋိညာဉ်ကို အကောင်အထည် မဖော်နိုင်မီသခင်ယေရှု၌ လုပ်ဆောင်စရာများစွာ ရှိသည်။ ဟေဗြဲဩဝါဒစာသည် သခင်ယေရှု လုပ်ဆောင်ရမည့် အရာတချို့ကို ဖော်ပြထားသည်။

ယေရှုသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသော အခွင့်ရှိစေခြင်းငှါ၊ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ် နှိမ့်ပြီးမှ၊ အသေခံရသောကြောင့် ခေါင်းတော်၌ ဘုန်းအသရေပတ်ရစ်လျက်ရှိသည်ကို ငါတို့မြင်ကြ၏
(ဟေဗြဲ ၂း၉)

၁။ '(ယေရှု) ကို ငါတို့မြင်ကြ၏'

က။ ဤထွက်ဆိုချက်သည် ‘ငါ့ကျွန်ကို ကြည့်ကြလော့’ ဟူသော မိန့်မှာချက်၏ ကျန်တစ်ဖက်ပင် ဖြစ်သည်။

ခ။ သခင်ယေရှုသည်ကျွန်ုပ်တို့ အသေအချာ ကြည့်ရှုအပ်သောဘုရားသခင်၏ကျွန်ဖြစ်သည်။

၂။ ‘ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်ပြီးမှ

က။ ဤသို့ဖော်ပြခြင်းကို လီတိုတေး (litote) ဟုခေါ်သည်။

ခ။ လူသားသည် ကောင်းကင်တမန်များထက် လွန်စွာမှ နိမ့်လျက်ရှိသည်။

ဂ။ သခင်ယေရှုသည် ထိုသို့ ကောင်းကင်တမန်များထက် အလွန် နိမ့်ခြင်းအဖြစ်ကို ရင်ဆိုင်ရမည် ဖြစ်သည် (ဟေဗြဲ ၂း၃-၈)။

၃။ ‘ယေရှုသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်’

က။ သခင်ယေရှုသည် လူသားတစ်ဦးအဖြစ် ဘုရားသခင်၏ ကျေးဇူးတော်ကို အမှီပြုရမည်ဖြစ်သည်။

ခ။ သခင်ယေရှုသည် ဘုရားသခင်၏ကျေးဇူးတော်ကို ရာနှုန်းပြည့်မှီခိုကိုးစားသူအဖြစ်ခံစားသွားမည် ဖြစ်သည်။

၄။ ‘လူအပေါင်းတို့အတွက်ကြောင့် အသေခံရသော အခွင့်ရှိစေခြင်းငှါ’

က။ သေခြင်းကို ရင်ဆိုင်ရမည်။

ခ။ ဆိုလိုသည်မှာ၊ သခင်ယေရှုသည် လူအပေါင်းတို့အတွက် အသေခံရမည် ဖြစ်သည်။

ဂ။ အသေမခံဘဲ၊ သခင်ယေရှုသည် အသစ်သော ပဋိညာဉ်ကို ဆောင်ကြဉ်းပေးနိုင်မည် မဟုတ်။

မကောင်းဆိုးဝါး (စာတန်မာရ်နတ်)ကို အနိုင်ယူခြင်း

အသစ်သော ပဋိညာဉ်သည် ဘုရားသခင်ပေးသနားတော်မူသော အခြားပဋိညာဉ်များနှင့် များစွာ ခြားနားသည်။ ဤပဋိညာဉ်သည် သခင်ယေရှု၏ အသေခံခြင်းအားဖြင့်သာ တည်နိုင်သည်။ အောက်ပါကျမ်းချက်က အနည်းငယ်ပို၍ ရှင်းလင်းစွာ သိစေနိုင်ပါသည်။

ထိုသူငယ် တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူသောအားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ၎င်း၊ သေဘေးကိုကြောက်၍ တသက်လုံး ကျွန်ခံရသော သူတို့ကို- ကယ်လွှတ်ခြင်းငှါ၎င်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏ (ဟေဗြဲ ၂း၁၄-၁၅)

၁။ သေခြင်းကို ကြောက်စေခြင်းဖြင့် မာရ်နတ်သည် လူသားတို့ကို ချုပ်နှောင်သည်။

၂။ အသေခံခြင်းအားဖြင့် သခင်ယေရှုသည် သေခြင်းနှင့်စပ်လျဉ်းသော အကြောက်တရားနှင့် (စာတန်၏) တန်ခိုးကို အနိုင်ယူဖျက်ဆီးလိုက်သည်။

၃။ သခင်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းနှင့် စပ်လျဉ်းသော အကြောက်တရားကို ပယ်ရှင်းပေးသည်။

မာရ်နတ်၏တန်ခိုးသည်လည်း ထိရောက်စွာ ချိုးဖဲ့ဖျက်ဆီးခြင်းသို့ ရောက်လေသည်။

'ကရုဏာနှင့်ငှင်း၊ သစ္စာနှင့်ငှင်း ပြည့်စုံသော ယဇ်ပရောဟိတ် အကြီးဖြစ်အံ့သောငှါ. . .'
(ဟေဗြဲ ၂း၁၇)

ပဋိညာဉ်သစ်၌ တည်သော ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်မင်း သခင်ယေရှု

သိနာတောင်နှင့်စပ်ဆိုင်သော ပဋိညာဉ်၌ အာရုန်သည် ယဇ်ပရောဟိတ်အရာကို ခံရသည်။ အာရုံ၏သားတို့သည် ယဇ်ပရောဟိတ်များ ဖြစ်လာပြီး၊ လေဝိအမျိုးတို့သည် သူတို့၏အကူ (အထောက်အမ)များဖြစ်ကြသည်။

ပဋိညာဉ်သစ်၌ မူကား၊ သခင်ယေရှုသည် ယဇ်ပရောဟိတ်အကြီး ဖြစ်လာသည်။ အောက်ဖော်ပြပါ ကျမ်းချက်သည် ယဇ်ပရောဟိတ်မင်း အဖြစ် ဆောင်ရွက်ရသော သခင်ယေရှု၏ လုပ်ငန်းတာဝန်များကို မိတ်ဆက်ပေးသည်။

ထို့ကြောင့်၊ ခရစ်တော်သည် လူတို့၏အပြစ်ဖြေစရာအကြောင်းကို စီရင်၍၊ ဘုရားသခင်နှင့်စပ်ဆိုင်သော အရာတို့၌ ကရုဏာနှင့်ငှင်း၊ သစ္စာနှင့်ငှင်း ပြည့်စုံသော ယဇ်ပရောဟိတ် အကြီးဖြစ်အံ့သောငှါ၊ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏။ ထိုသို့ စုံစမ်းနှောင့်ရှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍

ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့်၊ စုံစမ်းနှောင့်ရှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှါ တတ်နိုင်တော်မူ၏။ (ဟေဗြဲ ၂း၁၇-၁၈)

၁။ 'မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏'

က။ ဤအချက်သည် သခင်ယေရှု၏ လူသားစစ်၊ လူသားမှန် ရာနှုန်းပြည့် ဖြစ်ခြင်းကို ရည်ညွှန်းသည်။

ခ။ သခင်ယေရှုသည် သာမန်အားဖြင့် လူသားတိုင်း ရင်ဆိုင် ရသောအရာများကို ကြုံတွေ့ရင်ဆိုင်ရသည်။

၂။ 'ကရုဏာနှင့်ငှင်း၊ သစ္စာနှင့်ငှင်း ပြည့်စုံသော ယဇ်ပုရောဟိတ် အကြီး ဖြစ်အံ့သောငှာ'

က။ လူသားတစ်ဦးအနေဖြင့် ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့ရသော အကျိုးကြောင့် သခင်ယေရှုသည် သူလုပ်ဆောင်ရမည့် လုပ်ငန်းများကို ကောင်းမွန်စွာ ပြည့်စုံစေနိုင်သည်။

ခ။ သူသည်

(၁) ကရုဏာရှိသောသူဖြစ်လာသည်။ အကြောင်းရင်းမှာ ဘုရားသခင်၏ကရုဏာကိုသာ အမှီပြု၍ အသက် ရှင်ရခြင်း၏ လေးနက်မှုကို ကိုယ်တိုင်သင်ယူမိသော ကြောင့် ဖြစ်သည်။

(၂) သစ္စာရှိသောသူ ဖြစ်လာသည်။ အကြောင်းရင်းမှာ ဘုရားသခင်ထာဝရဘုရားကို အစဉ် သစ္စာရှိလျက် တည်ကြည်သော ရှင်သန်ခြင်းကို ကိုယ်တိုင် သင်မိ သောကြောင့် ဖြစ်သည်။

၃။ 'ဘုရားသခင်နှင့် စပ်ဆိုင်သော အရာတို့၌'

က။ 'ဘုရားသခင်နှင့် စပ်ဆိုင်သော အရာတို့'ကို ကျွန်ုပ်တို့သည် အတိုင်းထက်အလွန် ရိုးရှင်းစွာ သတ်မှတ်တတ်ကြသည်။

ခ။ သခင်ယေရှု ထိုသို့ မဟုတ်။ မည်သည့်အရာကိုမျှ လက်လွှတ်စပယ် မခံယူတတ်။

ဂ။ သခင်ယေရှုသည်'ဘုရားသခင်နှင့်စပ်ဆိုင်သော အရာတို့' နှင့် ဆက်နွယ်နေသော အရာဟူသမျှကို အပြီးအပိုင် သင်ယူတတ်မြောက်လိုသည်။

၄။ 'လူတို့၏အပြစ် ဖြေစရာအကြောင်းကို စီရင်၍'

က။ ဤအမှုသည် 'ဘုရားသခင်နှင့်စပ်ဆိုင်သော အရာ' များမှ တစ်ခုဖြစ်သည်။

ခ။ ကျွန်ုပ်တို့ ကျူးလွန်သောအပြစ်များသည် ဖြေလွှတ်ရန်လိုအပ် ကြသည်။

ဂ။ သခင်ယေရှုသည် ဘုရားသခင်၏ ဖြောင့်မတ်သော တောင်းဆိုချက်များကို ပြည့်စုံစေပြီး၊ ဘုရားသခင် ကိုယ်တိုင်ကိုလည်း ကျေနပ်စေရမည်။

ဃ။ ပြည့်စုံသော လူသား(လူ၏သားတော်) အဖြစ် သခင်ယေရှုသာလျှင် ဤအမှုကို ဆောင်ရွက်နိုင်သည်။

၅။ 'ထိုသို့ စုံစမ်းနှောင့်ရှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့်၊ စုံစမ်းနှောင့်ရှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှါ တတ် နိုင်တော်မူ၏'

က။ ဤကျမ်းချက်အရ၊ သခင်ယေရှုသည် စုံစမ်းနှောင့်ရှက်ခြင်းခံရစဉ်တွင် ဒုက္ခဆင်းရဲခံရကြောင်း သိနိုင်သည်။

ခ။ ထို့ကြောင့်၊ သခင်ယေရှုသည် ဘဝ၌ရင်ဆိုင်ရသော စုံစမ်းနှောင့်ရှက်ခြင်းကြောင့် ဒုက္ခဆင်းရဲ ခံစားနေသော သူများကို ကူညီမစနိုင်သည်။

ဂ။ သူသည် ကျွန်ုပ်တို့၏ ဒုက္ခဝေဒနာများကို အကုန်အစင်နားလည်ပေးသည်။ကျွန်ုပ်တို့ကိုလည်း ကိုယ်ချင်းစာ တတ်သည်။ ကျွန်ုပ်တို့ကို အမှန်တကယ်ပင် ကူညီ မစနိုင်သည်။

‘ငါတို့ ဝန်ခံသော တမန်တော်နှင့် ယဇ်ပုရောဟိတ်မင်းတည်းဟူသော ယေရှု၏အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့’ (ဟေဗြဲ ၃း၁)

ကျွန်ုပ်တို့အဖို့ မြင့်မြတ်သော ပုံသက်သေ သခင်ယေရှု

ပြီးဆုံးသည်အထိ လုပ်ဆောင်ရမည့် အရာများစွာအပြင်၊ သခင်ယေရှုသည် ကျွန်ုပ်တို့အဖို့ မြင့်မြတ်သော ထာဝရပုံသက်သေဖြစ်သည်။

ထိုသို့ဖြစ်လျှင်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ခေါ်ဘိတ်တော်မူခြင်းကျေးဇူးကို ခံရသောသူ၊ သန့်ရှင်းသော ညီအစ်ကိုတို့၊ ငါတို့ဝန်ခံသော တမန်တော်နှင့်ယဇ်ပုရောဟိတ်မင်း တည်းဟူသော ယေရှု၏အကြောင်းကို စေ့စေ့ဆင်ခြင်ကြလော့။

မောရှေသည် ဘုရားသခင်၏အိမ်တော်တအိမ်လုံး၌ သစ္စာစောင့်သကဲ့သို့၊ ယေရှုသည် မိမိကို ခန့်ထား တော်မူသော သူ၏အမှုတော်၌ သစ္စာစောင့်တော်မူ၏ (ဟေဗြဲ ၃း၁-၂)

၁။ 'မောရှေသည် ဘုရားသခင်၏အိမ်တော်တအိမ်လုံး၌ သစ္စာစောင့် သကဲ့သို့'

က။ မောရှေသည် ဘုရားသခင်ထာဝရဘုရား၏ အမှုကိုဆောင် ရာ၌ မှန်ကန်စွာ သစ္စာရှိသည်။

ခ။ မောရှေ၏သစ္စာစောင့်သိခြင်းသည်များစွာသော နှလုံးသားများအတွက် ခွန်အားနှင့်ပုံသက်သေဖြစ်သည်။

၂။ 'ယေရှုသည် မိမိကိုခန့်ထားတော်မူသောသူ၏ အမှု တော်၌ သစ္စာစောင့်တော်မူ၏'

က။ ယေရှုကို 'ခရစ်တော်' ဟု သတ်မှတ်ခေါ်တွင်သည်။

ခ။ သခင်ယေရှုသည် သူ့ကို ခန့်ထားတော်မူသော ထာဝရ ဘုရားသခင်အပေါ် အပြည့်အဝ သစ္စာရှိသည်။

ဂ။ သခင်ယေရှု၏ သစ္စာစောင့်သိခြင်း ပုံသက်သေသည် မောရှေ၏ သစ္စာစောင့်သိခြင်း ပုံသက်သေထက် လွန်စွာမှ ပြောင်မြောက်သည်။

၃။ 'စေ့စေ့ဆင်ခြင်ကြလော့'

က။ ဤစကားလုံး၏ ဆိုလိုချက်များမှာ-

(၁) သတိပြုမှတ်သားခြင်း

(၂) အသေအချာ လေ့လာစောင့်စည်းခြင်း

(၃) နားလည်းအောက်မေ့ခြင်း

ခ။ သခင်ယေရှုကို ခန့်အပ်ခြင်း

(၁) စေလွှတ်ခြင်းခံရသောသူအဖြစ် . . . 'တမန်တော်'၊

(၂) ကျွန်ုပ်တို့ ဝန်ခံသော ယဇ်ပုရောဟိတ်မင်း အဖြစ်၊ ခန့်အပ်ခြင်း ဖြစ်သည်။

(၃) သခင်ယေရှုသည်ထာဝရဘုရားသခင်အား သစ္စာခံလျက် ထိုသို့ဘုရားသခင်၏ခေါ်ဖိတ်ခြင်းအမှုကို အကုန်အစင် ပြည့်စုံစေသည်။

ဂ။ 'ထိုသို့ဖြစ်လျှင်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ခေါ်ဖိတ်တော်မူခြင်းကျေးဇူးကိုခံရသောသူ၊ သန့်ရှင်းသော ညီအစ်ကိုတို့'

(၁) ကျွန်ုပ်တို့သည်လည်း ကောင်းကင်ဘုံနှင့်စပ်ဆိုင်သော ခေါ်ဖိတ်တော်မူခြင်းကျေးဇူးကို ခံရသောသူများဖြစ်ကြောင်း အမြဲသိမှတ်ကြရမည်သာဖြစ်သည်။

(၂) သန့်ရှင်းသော ညီအစ်ကိုများဖြစ်ကြသည့်အားလျော်စွာ၊ ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၏ ပုံသက်သေကို အတုယူကြရမည်။

(၃) ဘုရားသခင်ထာဝရဘုရားအပေါ် ကြိုးစား၍ သစ္စာရှိကြရမည်သာဖြစ်သည်။

(၄) သခင်ယေရှု၏ မြင့်မြတ်သော ပုံသက်သေကို မှီလျက်၊ ခွန်အားယူ ကြရမည်။

(၅) ကြီးမားသော သစ္စာတရားနှင့်အတူ ကောင်းကင်ဘုံနှင့် စပ်ဆိုင်သော ခေါ်ဖိတ်ခြင်းကျေးဇူးတော်နှင့် ထိုက်လျောက်စွာ အသက်ရှင်ကြရမည်။

ဘုရားသခင်၏ ခေါ်ဖိတ်ခြင်းကို အသက်တာနှင့်အမှုတော်မြတ်၌ ပြည့်စုံစေကြရမည်ဖြစ်သည်။

'လူဇာတိအဖြစ်၌ နေစဉ်ကာလ. . .'
(ဟေဗြဲ ၅း၇)

သင်ယူရမည့် သင်ခန်းစာများ

ဘုရားသခင် ခန့်ထားသောအလုပ်တာဝန်များ အားလုံးကိုပြီးမြောက်သည်အထိ ဆောင်ရွက်နိုင်ရန် သခင်ယေရှုသည် များစွာသော သင်ခန်းစာများကို သင်ယူရသည်။ အောက်ပါ ကျမ်းချက်သည် အရေးပါသော အမှန်တရားများကို ဖော်ပြထားသည်။

ထိုသို့နှင့်အညီ ကျမ်းစာ တချက်လာသည်ကား၊ သင်သည် မေလခိဇေဒက် နည်းတူ ထာဝရယဇ်ပုရောဟိတ်ဖြစ်သည်
ဟုသတည်း။ ထိုခရစ်တော်သည်
လူဇာတိအဖြစ်နေစဉ်ကာလ၊ သေခြင်းမှ
ကယ်တင်နိုင်တော်မူသော သူကို၊ ကြီးစွာသော
ကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့်
ဆုတောင်းပဌနာပြုသဖြင့်၊ ကြောက်ရွံ့ရာအမှု၌
ချမ်းသာရသည်ဖြစ်၍၊
ဘုရားသခင်၏သားတော်မှန်သော်လည်း၊ ဆင်းရဲဒုက္ခကို
ခံသောအားဖြင့် နားထောင်ခြင်းအကျိုးအကြောင်းကို
သင်တော်မူ၏။ ထိုသို့ စုံလင်ခြင်းသို့ ရောက်ပြီးမှ၊

ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရ ကယ်တင်ခြင်းကျေးဇူးကို ပြုသောသူဖြစ်တော်မူ၍၊ (ဟေဗြဲ ၅း၆-၉)

၁။ မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်း အရာ

က။ မေလခိဇေဒက် နာမည်သည် ကမ္ဘာ ၁၄း၁၈-၂၀ မှ ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်သည်။

ခ။ မူလပုဂ္ဂိုလ် မေလခိဇေဒက်သည် ယဇ်ပုရောဟိတ်မင်းလည်းဖြစ်၊ ဘုရင်တစ်ပါးလည်းဖြစ်သောသူ ဖြစ်သည် (ကမ္ဘာ ၁၄း၁၈)။

ဂ။ သခင်ယေရှုသည် မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်း အရာကို ရုပ်လုံးဖော်ဆောင်ခြင်းဖြစ်သည်။

၂။ မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်း အရာကို မပြည့်စုံစေနိုင်မီ၊ သခင်ယေရှုသည် သင်ခန်းစာများစွာကို သင်ယူရမည် ဖြစ်သည်။

က။ ဆုတောင်းပဌနာပြုခြင်းအမှုကို သင်ယူရသည်။

ခ။ အသနားခံ တောင်းလျှောက်ခြင်းအမှုကိုလည်း သင်ယူရသည်။

ဂ။ ဤဆုတောင်းပဌနာပြုခြင်းများသည် စစ်မှန်ပြီး စိတ်နှလုံးတွင်းမှ ဖြစ်ရမည်။

ဃ။ ထိုဆုတောင်းချက်များကို 'ကြီးစွာသော ကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့်' တကွဘုရားသခင်ထံတော်သို့ ဆက်သ တော်မူသည်။

င။ မိမိအား သေခြင်းမှ ကယ်တင်ရန်အလို့ငှါ ဘုရားသခင်ထံ မျက်ရည်ကျခြင်းများနှင့် ဆုတောင်းတတ်ရသည်။

(၁) အရက်လေးဆယ်တောအရပ်ခရီးစဉ်၌ သေနိုင်လောက်သည်အထိ အန္တရာယ်ရှိပါသလား။ တိုတောင်းသောအဖြေကား 'ရှိပါသည်'။

(၂) သခင်ယေရှုသည် ထိုသို့သော သေခြင်းအန္တရာယ်မှ အဘယ်သို့လွတ်မြောက်နိုင်သနည်း။

ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့်တကွ၊ သခင်ဘုရားထံ အော်ဟစ်ဆုတောင်းခဲ့သည်။

စ။ နားထောင်ခြင်း (နာခံခြင်း) ကို သင်ယူရသည်။

(၁) သူသည် ဘုရားသခင်၏သားတော် မှန်သော်လည်း၊

(၂) ခြွင်းချက်မရှိသော နာခံခြင်းမျိုးသည် သင်ယူတတ်မြောက်ရန် မလွယ်ကူပေ။

(၃) စုံလင်ပြည့်စုံသောသူ ဖြစ်ပြီးမှသာ သခင်ယေရှုသည် ထာဝရကယ်တင်ခြင်းကျေးဇူးကို ပြုစုသောသူ ဖြစ်လာနိုင်သည်။ (မှတ်ချက်။ ။ သခင်ယေရှုသည် နာခံခြင်းအားဖြင့် စုံလင်ပြည့်စုံသောသူ ဖြစ်လာသည်)။

(၄) ကယ်တင်ခြင်းကို အမှန်ရရှိသောသူအပေါင်းတို့သည် သခင်ဘုရားကို လုံးဝဥဿုံနာခံခြင်း အားဖြင့် အသက်ရှင်ကြရမည်ဖြစ်သည်။ (ဤသင်ခန်းစာသည် ယုံကြည်သူတိုင်း သင်ယူအပ်သော သင်ခန်းစာပင်ဖြစ်သည်)။

‘သာ၍မြတ်သော ပဋိညာဉ်တရား၏အာမခံဖြစ်၏’
(ဟေဗြဲ ၇း၂၂)

သာ၍မြတ်သော ပဋိညာဉ်တရား၏ အာမခံ

အသစ်သောပဋိညာဉ်သည် သိနာတောင်၌ ဘုရားသခင် ပေးသနားတော်မူသော ပဋိညာဉ်ထက် သာလွန် မြင့်မြတ်လှပေသည်။ သခင်ယေရှု ဆောင်ကြဉ်းလာသော ပဋိညာဉ်သစ်သည် အဘယ်မျှလောက် သာ၍မြတ်သည်ကို အောက်ပါကျမ်း၌ တွေ့ရသည်။

**သာ၍မြတ်သော ပဋိညာဉ်တရား၏အာမခံဖြစ်၏။
ထို့ကြောင့်၊ အကြင်သူတို့သည် ယေရှုအားဖြင့်
ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏၊
ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊
ကာလအစဉ် အသက်ရှင်သောကြောင့်၊ သူတို့ကို
အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏။ ထိုသို့သော
ယဇ်ပုရောဟိတ်မင်းသည် သန့်ရှင်းစင်ကြယ်၍
အညစ်အကြေးနှင့်
ကင်းလွတ်လျက်အပြစ်ရှိသောသူတို့နှင့် မဆက်ဆံ၊
ကောင်းကင်သားအပေါင်းတို့ထက်မြင့်မြတ်သောသူဖြစ်၍၊
ငါတို့နှင့်တော်သင့်တော်မူ၏-အခြားသော
ယဇ်ပုရောဟိတ်မင်းတို့သည် ကိုယ်အပြစ်ကြောင့်၎င်း၊
လူများအပြစ်ကြောင့်၎င်း၊ နေ့တိုင်းယဇ်ပူဇော်ရသကဲ့သို့၊
ထိုသခင်သည် ယဇ်ပူဇော်စရာအကြောင်းမရှိ၊**

အဘယ်ကြောင်းနည်းဟူမူကား၊ မိမိကိုယ်တိုင်တခါတည်းယဇ်ပူဇော်၍ ထိုအမှုကို ပြီးစေတော်မူပြီ။ (ဟေဗြဲ ၇း၂၂၊ ၂၅-၂၇)

၁။ 'ယေရှု'

က။ အသစ်သော ပဋိညာဉ်ကို ဆောင်ကြဉ်းလာသည်။

ခ။ သာ၍ မြတ်သော ပဋိညာဉ်တရား၏ အာမခံ ဖြစ်သည်။

၂။ 'သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏'

က။ ယုံကြည်ခြင်းဖြင့် သူ့အား ချဉ်းကပ်လာကြသောသူတို့ကို ကယ်တင်သည်။

ခ။ သူနှင့်စပ်ဆိုင်သောသူအပေါင်းတို့အဖို့ အစဉ် ဆုတောင်း ပေးလျက်ရှိသည်။

၃။ အသင့်တော်ဆုံးသော ယဇ်ပုရောဟိတ်မင်း

က။ သန့်ရှင်းသောသူ

ခ။ အန္တရာယ်မပြုတတ်သောသူ

ဂ။ သန့်ရှင်းစင်ကြယ်သောသူ

ဃ။ အပြစ်ရှိသောသူတို့နှင့် မဆက်ဆံသောသူ

င။ မိုးကောင်းကင်တို့ထက် (အများတကာထက်) မြင့်မြတ်သောသူ

၄။ အာရုန်မှတစ်ဆင့် ခံရသော ယဇ်ပုရောဟိတ်အရာသည် မည်သည့်အရာတို့ကို မတတ်နိုင်သနည်း။

က။ သူတို့ကိုယ်တိုင် (ယဇ်ပုရောဟိတ်မင်းများ)သည် အပြစ်သားများ ဖြစ်ကြသည်။

ခ။ သူတို့သည် မိမိတို့၏ အပြစ်များအတွက် ယဇ်ပူဇော်ရပြီး နောက်၊ လူထုအပြစ်အတွက် ယဇ်ပူဇော်ခြင်းကို ပြုရ သည်။

၅။ သခင်ယေရှုအား ယုံကြည်ခြင်းဖြင့် ချဉ်းကပ်သူတိုင်းကို အဘယ်သို့ ကယ်တင်နိုင်သနည်း။

က။ သူ၌ မည်သည့်အပြစ်မျှ မရှိ။

ခ။ သခင်ယေရှုသည် မိမိကိုယ်ကို စုံလင်သောယဇ်အဖြစ် ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ပြီးမြောက် စေသည်။

'မိမိ၏အသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တခါတည်းဝင်တော်မူ၏'
(ဟေဗြဲ ၉း၁၂)

စုံလင်သောယဇ်အဖြစ် ပြင်ဆင်ခြင်း

အရက်လေးဆယ် သခင်ယေရှု၏ တောအရပ်ခရီးစဉ်သည် အလွန်အရေးပါသော ကာလဖြစ်သည်။ ထိုကာလ၌ စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံခဲ့ရသည်။ သခင်ယေရှုသည် စာတန်၏သွေးဆောင်ခြင်းမှန်သမျှတို့ကို အနိုင်ယူခဲ့သည်။ သခင်၏ စိတ်ထဲ၌ မည်သည့်အရာသည် ရှေးတန်းကပြေးပြီး စိုးမိုး နေခဲ့သနည်း။ သခင်ယေရှုသည် မိမိ၏သာသနာကို အဘယ်မျှလောက် နားလည်ထားသည်ကို အောက်ပါကျမ်းချက်၌တွေ့ရသည်။

ယခုမှာ လူလက်ဖြင့်မလုပ်သော၊ ဤလောကဓါတ်နှင့် မစပ်ဆိုင်သော၊ သာ၍ကြီးမြတ်စုံလင်သောတဲတော်၌၊ နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်း ဖြစ်သောခရစ်တော်သည်၊- ငါတို့အဘို့ထာဝရဘုရားရွေးနှုတ်ခြင်းကျေးဇူးကို ခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့် မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့ တခါတည်းဝင်တော်မူ၏။

(ဟေဗြဲ ၉း၁၁-၁၂)

၁။ **‘နောက်မင်္ဂလာအကျိုးတို့၏ ယဇ်ပုရောဟိတ်မင်း ဖြစ်သော ခရစ်တော်သည်’**

က။ သခင်ယေရှုသည် မိမိ၏သာသနာကို ကောင်းမွန်စွာ နားလည်သည်။

ခ။ သခင်ယေရှုသည် မိမိကိုယ်ကို ယဇ်ပုရောဟိတ်မင်း ဖြစ်လာအောင် နည်းမျိုးစုံနှင့် ပြင်ဆင်နေရမည်မှာ အသေအချာပင်ဖြစ်သည်။

၂။ **‘လူလက်ဖြင့်မလုပ်သော. . . သာ၍ ကြီးမြတ်စုံလင်သော တဲတော်၌’**

က။ သခင်ယေရှုသည် လုံးဝခြားနားသော တဲတော်၌ ဘုရားသခင်၏အမှုတော်ကိုဆောင်သည်။

ခ။ သခင်ယေရှု အမှုတော်ဆောင်ရသော ထိုတဲတော်သည် ကောင်းကင်ဘုံ၌ တည်ရှိပြီး ကြီးမြတ်စုံလင်သော တဲတော်ဖြစ်သည်။

၃။ ‘မိမိအသွေးတော်နှင့်’

က။ သခင်ယေရှုသည် မိမိကိုယ်ကို စုံလင်သောယဇ်အဖြစ် ပူဇော်သည်။

ခ။ သခင်ယေရှုသည် သန့်ရှင်းရာဌာနထဲသို့ ဝင်တော်မူသည်။

ဂ။ သခင်ယေရှုသည် အသန့်ရှင်းဆုံးသောနေရာကို တစ်ခါတည်း အပြီးအပိုင် ဝင်တော်မူသည်။

၄။ ‘ငါတို့အဘို့ထာဝရဘုရားရွေးနှုတ်ခြင်းကျေးဇူးကို ခံရ၍’

က။ ဤအချက်သည် သခင်ယေရှု၏ အဓိက ရည်ရွယ်ချက် ဖြစ်သည်။

ခ။ သခင်ယေရှု၏ တာဝန်မှာ ‘ထာဝရရွေးနှုတ်ခြင်းကျေးဇူး’ ပြုနိုင်ရေးပင် ဖြစ်သည်။

ဂ။ ထိုကျေးဇူးကို ပြုနိုင်ရန်၊ သခင်ယေရှုသည်

(၁) အပြစ်ကင်းသော၊ စုံလင်သော ယဇ်ဖြစ်ရမည်။

(၂) အပြစ်ကျူးလွန်ခြင်း မပြုရ။

(၃) ဘုရားသခင်၏အသံတော်မှလွဲ၍ မည်သည့်အသံမှ နာခံခြင်း မရှိရ။

(၄) များစွာသောအရာတို့သည် သူ့ပခုံးပေါ်၌ အမှီသဟဲ ပြုနေသည်ကို သိမှတ်သောကြောင့်၊ သူ၏ တာဝန် (ထာဝရ ရွေးနှုတ်ခြင်းကျေးဇူးပြုနိုင်ရေး)ကို မျက်ခြေမပြတ်အာရုံစိုက်လျက်အသက်ရှင်ရသည်။

အလွန်နက်ရှိုင်းသော နားလည်သိကျွမ်းမှု

သခင်ယေရှုသည် ဘုရားသခင်ပေးသနားတော်မူသော လုပ်ငန်းတာဝန်ကို နက်ရှိုင်းစွာ နားလည်သိကျွမ်းထားမည် ဖြစ်သည်။ ထိုသို့ သိရှိနားလည်ထားသောကြောင့်၊ စာတန်၏စုံစမ်းသွေးဆောင်ခြင်းသည် လေးနက်မှုမရှိဘဲ ပေါ့ပျက်ပျက် နိုင်လွန်းသည်ဟု ယူဆနိုင်ဖွယ် ရှိသည်။ တိုင်းနိုင်ငံတို့၏ စည်းစိမ်နှင့်ဘုန်းအသရေ၊ လူသား တို့အတွက် ထာဝရကယ်တင်ခြင်းကျေးဇူးပြုခြင်း အမှုသည် မနှိုင်းယှဉ် အပ်ပေ။ လူသားအပေါင်းတို့အတွက် ထာဝရ ကယ်တင်ခြင်းကျေးဇူးပြုနိုင်ခြင်းသည် အလွန်ပင် သာ၍မြတ်ပေသည်။

'ပြစ်မှားသောအပြစ်ကိုလည်း လွတ်စေခြင်းငှါ ...' (ဟေဗြဲ ၉း၁၅)

ဘုရားသခင်၏ ကယ်တင်ခြင်း အစီအစဉ်

လူသားတို့အဖို့ ဘုရားသခင်ကြံစည်တော်မူသော ကယ်တင်ခြင်းသည် အလွန်ပင် အံ့မခန်း ဖြစ်ပါသည်။ ရာနှုန်းပြည့် အပြစ်ကင်းသောသူသာလျှင် ထိုကယ်တင်ခြင်းကို မှန်ကန်စွာ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

အကြောင်းမူကား၊ အညစ်အကြေးရှိသောသူတို့ အပေါ်၌ ဖြန်းသော နွားအသွေး၊ ဆိတ်အသွေး၊ နွားမကလေး၏ ပြာသည်၊ သူတို့ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကို ပြုနိုင်သည်မှန်လျှင်၊- ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊

ဘုရားသခင့်ရှေ့၌ တင်လျှုပူဇော်သော ခရစ်တော်၏ အသွေးတော်သည်၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုယ်ကိုယ်သိသော စိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍တတ်နိုင်တော်မူသည် မဟုတ်လော။- ထို့ကြောင့် ပဌမပဋိညာဉ်တရားလက်ထက်၌ ပြစ်မှားသောအပြစ်ကိုလည်း လွတ်စေခြင်းငှါ၊ ခရစ်တော်သည် အသေခံတော်မူသည် ဖြစ်၍၊ ခေါ်တော်မူသော သူတို့သည် ဂတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏အာမခံ ဖြစ်တော်မူ၏။

(ဟေဗြဲ ၉း၁၃-၁၅)

၁။ ပဋိညာဉ်ဟောင်း၌

က။ ယဇ်ကောင်အဖြစ် ပူဇော်ထားသော တိရိစ္ဆာန်တို့၏သွေးကို မသန့်ရှင်းသောသူတို့အပေါ်၌ ဖျန်းကြရသည်။

ခ။ ထိုမှသာ၊အညစ်အကြေးရှိသောသူတို့သည် သန့်စင်ခြင်းကို ခံရပြီး 'စင်ကြယ်' ကြသည်ဟု သတ်မှတ်ကြရသည်။

၂။ ပဋိညာဉ်သစ်၌

က။ ခရစ်တော်၏အသွေးတော်အားဖြင့် (ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းသို့ ရောက်ကြသည်)။

ခ။ ဘုရားသခင်၏ ထာဝရဝိညာဉ်တော်အားဖြင့် (ကျွန်ုပ်တို့သည် ဆေးကြောခြင်းကို ခံကြရသည်)။

ဂ။ သခင်ယေရှုသည် ဘုရားသခင်ရှေ့တော်၌ အပြစ်ကင်းသော ယဇ်အဖြစ် မိမိကိုယ်ကို ပူဇော်ခဲ့သည်။

၃။ ထိုအကြောင်းတရားကြောင့် (ရရှိခံစားရသော အကျိုးတရားမှာ)၊

က။ ကျွန်ုပ်တို့၏ အသိစိတ် (ဩတပ္ပစိတ်)သည် သန့်ရှင်းဆေးကြောခြင်း ခံရသည်။

ခ။ ကျွန်ုပ်တို့သည် အသက်ရှင်သော ထာဝရဘုရားသခင်၏ အမှုတော်ကို ဆောင်နိုင်သောသူများ ဖြစ်သည်ဟု ကိုယ့်ကိုကိုယ် မြွက်ဆိုရပေမည်။

ဂ။ သခင်ယေရှုကို ပဋိညာဉ်အသစ်ဆောင်ကြဉ်းပေးသူအဖြစ် စိတ်နှလုံး၌ အမြဲစွဲလမ်းနေရမည်။

ဃ။ သခင်ယေရှုအား ယုံကြည်ရန် ခမည်းတော်၏ခေါ်တော်မူခြင်းခံရသောသူအပေါင်းတို့သည် ထာဝရအမွေတော်နှင့် စပ်ဆိုင်သော ကတိတော်ကို ရရှိကြလိမ့်မည်။

ခရစ်တော်၏ ပူဇော်သကာ

လူတို့အား ကယ်တင်ခြင်း မပေးနိုင်မီ၊ ခရစ်တော်သည် မိမိကိုယ်ကို အပြစ်ကင်း၊ စုံလင်သော ယဇ်အဖြစ် ပူဇော်ရသည်။

ထိုနည်းတူ၊ ခရစ်တော်သည် လူများအပြစ်တို့ကို ခံခြင်းငှါ တခါတည်းကိုယ်ကို ပူဇော်ပြီးမှ၊ နောက်တဖန် ထိုသခင်ကို မြော်လင့်လျက် နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ၊ အပြစ်နှင့် မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံ့။

(ဟေဗြဲ ၉း၂၈)

၁။ ခရစ်တော်၏ ပထမကြွလာခြင်း

သခင်ခရစ်တော်သည် လူများ၏အပြစ်ကို ခံခြင်းငှါ ကြွဆင်းတော်မူသည်။

၂။ ခရစ်တော်၏ ဒုတိယ ကြွလာခြင်း

မိမိအား ယုံကြည်ကိုးစားသောသူအပေါင်းတို့ကို အပြည့်အ၀ ကယ်တင်ဖို့ အလိုငှါ သခင်ခရစ်တော် ပြန်ကြွလာလိမ့်မည်။ ခရစ်တော်၏ ဒုတိယကြွလာခြင်းကို စိတ်အားထက်သန်စွာ မျှော်လင့်ကြရမည်ဖြစ်သည်။

'ယေရှုသည် သန့်ရှင်းသော ၀ိညာဉ်တော် တန်ခိုးနှင့်. . .'

(လုကာ ၄း၁၄)

အရက်လေးဆယ်ကာလ ပြီးဆုံးခြင်း

တောအုပ်၌ အရက်လေးဆယ်ကာလသော ခရီးစဉ်သည် အဆုံးသို့ ရောက်ခဲ့သည်။ သခင်ယေရှုသည် မကောင်းဆိုး၀ါးကို လုံး၀ အနိုင်ယူခဲ့လေပြီ။ လူသားတို့အဖို့ ထာ၀ရကယ်တင်ခြင်းကို ဆောင်ကြဉ်းပေးရေးသည် သခင်ခရစ်တော်၏ ဘ၀ပန်းတိုင်ပင်ဖြစ်သည်။ သူသည် ထိုဘ၀ပန်းတိုင်ကို အပြည့်အ၀ သိရှိနားလည်

ရန်နှင့် ပြည့်ဝစုံလင်စေရန် အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့သည်။

ထိုသို့ မာရ်နတ်သည် စုံစမ်းသွေးဆောင်ခြင်းအမှုအလုံးစုံကို အကုန်အစင်ပြုပြီးလျှင်၊ အထံတော်မှ ထွက်သွား၍ ကာလအတန်အရာ နေလေ၏။ -ယေရှုသည် ဝိညာဉ်တော် တန်ခိုးနှင့် ဂါလိလဲပြည်သို့ပြန်၍၊ သိတင်းတော်သည် ပတ်ဝန်းကျင်အရပ်တို့၌ အနှံ့အပြား ကျော်စောလေ၏၊ တရားစရပ်တို့၌ ဆုံးမဩဝါဒပေးတော်မူ၍၊ လူအပေါင်းတို့သည် ကိုယ်တော်ကို ချီးမွမ်းကြ၏။ (လုကာ ၄း၁၃-၁၅)

၁။ မကောင်းဆိုးဝါး
စာတန်မာရ်နတ်သည်
- က။ မိမိကိုယ်ကို ကျဆုံးသွားမှန်း သိသည်။
- ခ။ (သခင်ယေရှုအား) ဆက်လက်စုံစမ်းသွေးဆောင်ခြင်းအမှုမှနောက်ဆုတ်ခဲ့သည်။
- ဂ။ သခင်ယေရှုကို နောက်ထပ် စုံစမ်းသွေးဆောင်ရန် အခွင့်အခါ ကောင်းကို စောင့်နေခဲ့သည်။

၂။ သခင်ယေရှု
- က။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးသည် သူ့အပေါ်၌ တည်သည်။
  - (၁) သဘောတူ(အသိအမှတ်ပြု) သော သင်္ကေတ အဖြစ်၊
  - (၂) ဆောင်ရွက်ရမည့် အမှုတော်မြတ်ကို ရာနှုန်းပြည့် ထောက်ပံ့လျက်၊

(၃) သခင်ယေရှုသည် ဘုရားသခင်၏ ဝိညာဉ်တော်မှ ဖြစ်သောတန်ခိုးကို အပြည့်အဝရရှိမည် ဖြစ်သည်။

ခ။ ခရစ်တော်၏ လူထုအမှုတော်မြတ် အစပြုခဲ့သည်။

(၁) ဘုရားသခင်၏ နှုတ်ကပတ်တော် သင်ပေးခြင်းသည် အရေးပါသော အမှုတော်ဖြစ်သည် (လုကာ ၄း၁၅)။

(၂) ဘုရားသခင်၏ နိုင်ငံတော် တည်လုနီးပြီးဟု တရားဟော အစပြုခဲ့သည် (မဿဲ ၄း၁၇)။

(၃) ဘုရားသခင်၏ တန်ခိုးတော်သည် သူနှင့်အတူရှိ၍၊ နာမကျန်းသောသူများ အနာရောဂါသက်သာ ပျောက်ကင်းစေနိုင်ခဲ့သည် (မဿဲ ၄း၂၃)။

ဂ။ တပည့်တော်များကို ခေါ်ဖိတ်ခြင်း

(၁) ဤအမှုသည်လည်း အလွန်အရေးကြီးသော အမှုတော်ဖြစ်သည်။

(၂) နှိမ့်ချသော (ဆင်းရဲသော) နောက်ခံဘဝထဲမှ တပည့်တော်များကို သူ့နောက်လိုက်ကြရန် ခေါ်ဖိတ်ခဲ့သည်။

(၃) သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးနှင့်သူ၏ သွန်သင်ခြင်းများသည် တပည့်တော်တို့၏ဘဝကို ပြုပြင်ပြောင်းလဲ စေလိမ့်မည်။

(၄) တပည့်တော်တို့သည်လည်း ကိုယ်တော် ကိုယ်တိုင် အပ်နှံထားသည့်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက် သွားကြလိမ့်မည်။

ယနေ့ ကျွန်ုပ်တို့အတွက် စိန်ခေါ်ချက်

သခင်ယေရှုခရစ်တော်၏ အသက်တာသည် ကျွန်ုပ်တို့ကို များစွာတို့ထိပြီး စိန်ခေါ်နေပါစေ။ 'ငါ့နောက်ကို လိုက်လော့။ လူကိုများသော တံငါသည် ဖြစ်စေမည်' ဟူသော သခင်ယေရှု၏ ခေါ်ဖိတ်ခြင်းကို လေးနက်စွာ ဆင်ခြင်နှလုံးသွင်းကြစို့။ ကျွန်ုပ်တို့အား ထာဝရကယ်တင်ခြင်းပေးသနားနိုင်ရန်၊ သခင်ခရစ်တော်ကိုယ်တိုင်ပြုသောအမှု (အလုပ်)နှင့် အလွန်ကြီးမားသော ယဇ် (ပူဇော်သကာ)တို့သည် အကျွန်ုပ်တို့အား မိမိကိုယ်ကို ငြင်းပယ်လျက်၊ မိမိတို့ လက်ဝါးကပ်တိုင်ကို ထမ်းကာ၊ သခင့်နောက်သို့ သစ္စာရှိစွာတစိုက်မတ်မတ်လိုက်လို စိတ်မွေးပေးနိုင်ပါစေ။